

သူပုန့်အိမ်
မဟာဆွေ

# သူပုန်ကြီးလောက။

ရန်ကုန်မြို့ ပြည်လမ်းအနောက်ဘက်တွင် ကပ်လျက်ဝင်းခြံနှင့် နှစ်ထပ်တိုက်ကြီး တလုံး ရှိ၏။ မော်တော်ကားရုံ အစေခံတန်းလျား၊ ပန်းပင်များ၊ တင်းနစ်ကစားစရာ ဘက်မင်တန်ကစား စရာကွင်းငယ်များဖြင့် အထက်တန်းစားတို့ နေထိုင်သော ဘုံဗိမာန်ဟုခန့်မှန်းနိုင်၏။ ဝင်ပေါက်မှာ ၂-ပေါက်မျှရှိရာ အင်္ဂလိပ်ဘာသာဖြင့် တဘက်ပေါက်တွင် In (အဝင်) အခြားတပေါက်တွင် Out (အထွက်) ဟု ရေးသားထား၏။ အဝင်ပေါက်အောက်နား၌ ကြေးစာလုံးဖြင့် 'ဦးလှဘော်' ဟု ရေသားထား၏။ ဤနာမည်ကား မင်းစိုးရာဇာဂိုဏ်းတွင် လူအသိများသော နာမည်ဖြစ်၏။ ဦးလှဘော်သည် စက္ကရီတေရီရက်မှ အတွင်းဝန်တဦးဖြစ်ရာ ရုပ်ရည်သန့်ပြန့်၍ များစွာခန့်ငြားသူ ဖြစ်၏။ အသက်မှာလည်း (၅၀) နားသို့ ကပ်၍ နေရာ လုံးကြီးပေါက်လှ ဝန်ကတော် ဒေါ်မြမြတင်နှင့် မိဘနှစ်ပါး ရုပ်ပေါင်းစပ်၍ နှစ်ထပ်ကွမ်းအရုပ်ထုထားသကဲ့သို့ တဘက်သားတို့စိတ် ယိုဖိတ်သွား အောင် ပြေပြစ်လှပသော ခင်ဆွေတင့်အမည်မှည့်ထားသော ၁၈ နှစ်အရွယ် သမီးတယောက်ရှိ၏။ ဆွေတင့်သည် ပြည်လမ်းအင်္ဂလိပ်သီလရင်ကျောင်းမှ ဆယ်တန်းအောင်၍ ရန်ကုန်တက္ကသိုလ်၌ ဘီအေအောင်တန်း ပညာသင်နေဆဲဖြစ်၏

ငင်းတို့အိမ်သို့ အထက်တန်းစားလူကုန်တန် အမြောက်အများ ဝင်ထွက်လေ့ရှိသည့်အနက် အသက် ၂၄ နှစ်ခန့် အရုပ်အမောင်းအနေတော် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်းနှင့် ရုပ်ရေသနားကမား လူရွယ်တယောက်သည် အကြိမ်အများဆုံးဖြစ်၏။ ငင်းမှာ စုံထောက်ဝန် ကလေး မောင်ဌေးအောင်မှာ တက္ကသိုမ်လှ ဘီအက်စီ အောင်ပြီးနောက် ပုလိပ်စုံထောက်ဘက်သို့ အမှုထမ်းရာ စစခြင်းပင် ဝန်ကလေးရာထူးကို ရခဲ့သူဖြစ်၏။ မောင်ဌေးအောင်၏ ဘခင်အငြိမ်းစား အရာရှိ ဦးအောင်သာသည် ခင်ဆွေတင့်၏

ဘခင်ဦးလှဘော်နှင့် ငယ်ပေါင်းရောင်းရင်းဘက်ဖြစ်ကြ ရာ မောင်ဌေးအောင်နှင့် ခင်ဆွေတင့်အား ထိမ်းမြားသင့်နေရန် အတိအလင်းကြောင်းလမ်းထား ခြင်း မရှိသေးသော်လည်း လူငယ်နှစ်ဦးစလုံးပင် နှစ်ဘက်မိဘ သဘောတူသူများဟု အသိအမှတ် ပြု၍ ထားကြား၏။ ၎င်းတို့နှစ်ဦးမှာ သမီးရည်းစားစကားမပြောရဘဲ သမီးရည်းစားကဲ့သို့ နေထိုင်ကြ ရ၏။ နှစ်ဦးသား လွတ်လပ်စွာ ယှဉ်တွဲသွားလာနိုင်ကြ၏။ သို့ရာတွင် ဗိုလ်ဆန်ဆန် စိတ်ထား ကြောင့် လပ်မထပ်ခင်အတွင်း တဦးနှင့်တဦး ကျူးလွန်ရင်းနှီးနှီးခြင်းမရှိရအောင် အထူးစောင့်စည်း ခဲ့ကြ၏။ အခြားမိတ်ဆွေကလည်း ၎င်းတို့နှစ်ဦးအား မကြာခင် လက်ထပ်မည့်သူများဟု အသိအမှတ်ပြုထားကြ၏။ ထို့ကြောင့် မိဘများကလည်း အတန်းမြင့် လူငယ်များကိုယ်တိုင် ကလည်း ရုပ်ရေ ပညာ ဘယ်နေရာရာမှ ပြောစရာမရှိသောကြောင့် တနေ့တွင် အေးဆေးစွာ ပေါင်း သင်းနေထိုင်ကြရတော့မည်ဟု ယုံကြည်ခဲ့ကြလေသည်။

အဆိုပါ ဝန်းခြံကြီးနှင့် လမ်းငယ်တခု ခြားလျက် မြောက်ဘက်နားတွင်လည်း ခန့်ငြားသော သမံတလင်းခံနှစ်ထပ်ကျွန်းအိမ်ကြီး တဆောင်ရှိ၏။ ဝင်းခြံများမှာ အတော်ကျယ်ဝန်းရာ လွန်ခဲ့ သော ၆ လခန့်က ငှားရန် သို့မဟုတ် ရောင်းရန်ဟု စာဆွဲထားရာမှ နေထိုင်သူလူများ ရောက်ရှိလာ သည်မှာ တလခန့်မျှ ကြသေး၏။ ခင်ဆွေတင့်တို့ခြံထဲမှ အဆိုပါ ခြံကြီးသို့ မကြာခဏ အကဲခပ် ကြည့်ရှုကြ၏။ ထိုခြံကြီးအတွင်း၌ လူဦးရေမည်မျှရှိသည်ကိုကား မသိရချေ။ မာလီကုလားနှင့် အခြားအခိုင်းအစေကုလား ၂ ဦး၊ ၃ ဦးအပြင် အသက် ၇၀ ခန့် မြန်မာအဘိုးကြီးတယောက်၊ အသက် ၃၀ ခန့်ဟု ထင်ရသော မွန်မွန်ရေရေ ဆံပင်ရှည်နှင့် လူရွယ်တယောက်တို့ကိုကား အမြဲလို ပင်မြင်ကြရလေသည်။

စုံထောက်ဝန်ကလေး ကိုဌေးအောင်ကား ခင်ဆွေတင့်တို့အိမ်သို့ တဘက်အိမ်တွင် လူရောက်ကတည်းက ရှေးကထက် အလာအရောက်များခဲ့လေသည်။ တိုက်ရှေ့ပန်းခြံထဲသို့ လမ်းလျှောက်သလိုနှင့်

တဘက်အိမ်ဆီသို့ မလှမ်းမကမ်းမှ တစိတစောင်းကြည့်ရှုလေ့ရှိလေ၏။
ပူအိုက်သော တညနေခင်း၌ ကား ကိုငွေးအောင်နှင့် ခင်ဆွေတင့်သည် ပန်းခြံထဲရှိ
ခုံတန်းလျားပေါ်တွင် စပ်မိစပ်ရာ စကားပြောဆိုနေကြရာမှ တဘက်အိမ်ကြီးဆီမှ
ဝါးပတ္တရားတီးသံကို ကြားရလေ ၏။ အချိန်ကား ၇ နာရီသာသာမျှရှိသေးရာ
လမ်းမဘက်မှ ကိုယ်ပိုင်ကားများ၊ အာရ်တီအီးမြင်း ခေါင်းဘတ်စ်ကားများ ဆူညံစွာ
ပြေးလွှားလျက်ရှိ၏။

'ဘယ်နှယ့်လဲ ကိုကိုငွေး. . . ခင်လဲ မေးမလို့ဟာ
မဆိုင်ရာစွတ်ဘို့မလိုဘူးဆိုပြီး အေးအေး နေခဲ့မိတာဘဲ. . . မေးရင် ပြောနိုင်မလားလို့.
. . '

'ဟော. . . ပြောသင့်ရင်တဲ့ တခြားမဟုတ်ပါဘူး ပြောဒါပေါ့. . .၊
ဟိုဘက်အိမ်မှာ လူရောက် ကတဲက ကိုကိုငွေး ဒိုကိုအလာလဲ များတယ်၊
ဟိုဘက်အိမ်ကိုလဲ ခဏခဏချောင်မြောင်းကြည့်တာ တွေ့ရတယ်
ဘယ်လိုအကြောင်းများလဲလို့. . .'

'အော်ဒါလား. . . ကိုကိုကလဲ ပြောရကောင်းမကောင်း
စဉ်းစားနေတာဘဲ. . .၊ တကယ်လို့ ကိုကိုငွေးရာထူးတိုးမယ်. . . အကျိုးရှိမယ်ဆိုရင်
ခင်လဲ ကူညီနိုင်ပ့ါမလား. . . အဲဒါလဲ မေးချင် တယ်. . .'

'ဒါတော့ ကူညီသင့်ရင် ကူညီမှာပေါ့ ကိုကိုငွေးရဲ့. . .'

'အို. . . လုပ်ပြန်ဘီ၊ ကူညီသင့်ရင်တဲ့. . . ကူညီမယ်လို့
ဂတိမပေးနိုင်ဘူးလား. . .'

'ကိုကိုငွေးအတွက်ဆိုရင် ကူညီချင်တဲ့စိတ်တွေ အများကြီးရှိပါတယ်. . .'

'ဒါဖြင့် ဒီလိုလုပ်ကြစို့ ဦးတို့ဆီ အကျိုးအကြောင်းပြောပြီးမှ
ဘယ်လိုကြံရမယ်ဆိုတာ ကိုကိုငွေး ပြောပြမယ်. . . ဟုတ်လား. . .'

‘လာလေ. . . အိမ်ထဲသွားကြစို့. . .’ ဟု နှစ်ဦးသား နေရာမှထကြကာ တိုက်အောက်ထပ် ကော်ဇောကြီးများပေါ်တွင် ခမ်းနားစွာ ပြင်ဆင်ထားသော ဆိုဖာကြီးများပေါ်သို့ ကိုယ်မြုပ်သွား အောင် ထိုင်လိုက်ကြလေ၏။ သို့မီးနှင့်သားမက်လောင်း မျက်နှာကို ပြုံးချိုစွာကြည့်ရှုရင်း. . .

‘သောက်ကြဟေ့. . . မောင်ဌေးအောင်ကားကို မိတ်ဆွေတယောက်အပို့ခိုင်းလိုက်တယ်. . ခုဘဲ ပြန်လာပါလိမ့်မယ်. . .’

‘ဟုတ်ကဲ့. . . ကျွန်တော်လဲ စောစောက မြင်လိုက်ပါတယ်၊ ဒါထက် ဦးရဲ့. . . ကိစ္စတခုကို ဦးရော ဒေါ်ဒေါ်ရော တိုင်ပင်ချင်တယ်၊ ကိစ္စကတော့ အတော်အရေးကြီးတယ်၊ အမှန်အတိုင်းဆို ရင် ဘယ်သူမှ သိခွင့်မရှိဘူး၊ လက်ထောက်စုံထောက်ကလေးတွေတောင် ဒီကိစ္စကို မသိရဘူး. . .’

‘ဘယ်လိုကိစ္စလဲ၊ ဦးတို့တော့ အထူးပြောစရာမလိုဘူး၊ မောင့်ကိစ္စဆိုရင် တက်စွမ်းသမျှ ကူညီရမှာဘဲ. . .’

ထိုအတွင်း ဒေါ်မြမြတင်လည်း အခန်းတွင်းမှ ထွက်လာသဖြင့် ၄ ဦးသား မျက်နှာချင်းဆိုင် ကာ ထိုင်မိကြလေ၏။

‘ဟိုဘက်အိမ်က လူတွေကို ဦးသတိထားမိရဲ့လား. . .’

‘ဦးလဲ အတွင်းဝန်ရုံးကဘဲဟာ. . . သိတာပေ့ါကွဲ့၊ ဟိုလူငယ်က မင်းသာထိပ်တင်ကြီးလေ၊ နာမယ်ရင်းက စောရန်အောင်တဲ့၊ သူ့ခမဲတော်က အထက်မြန်မာပြည်သိမ်းပြီးကာစတုံးက သူပုန် ထဘူးလို့ ဆရာတော်တွေနဲ့ စေ့စပ်ပြီး နယ်ခြားပို့ထားခဲ့တယ်၊ နောက်ဆုံးနေရာကတော့ ယူနန် နယ်တင်ရေ့က သွားရတဲ့ ဂျူပေါကိုင်းဆိုတဲ့ ရွာမှာဘဲ၊ နောက် သူ့ခမဲတော်နတ်ရွာစံတော့ မယ်တော် နဲ့သူက မြန်မာပြည်ပြန်ပါရစေလို့ ခွင့်တောင်းတာနဲ့ ရောက်လာကြတာဘဲ. . .’

‘ဒိပြင်ကော. . . သူတို့အကြောင်း ဘာထူးသေးသလဲ. . .’

'ဦးတော့ ဒါလောက်ဘဲ သိတာဘဲ၊ ဒြိုပင်တော့ မသိရသေးဘူးကွဲ့. . .'

'သူ့ခမဲတောင်ကို အင်္ဂလိပ်အစိုးရက စိုးရိမ်မဲ့စိုးရိမ်တာ စိုးရိမ်စရာအကောင်းဆုံးက ထိပ်တင် ကြီးဘဲ ဦးရဲ့၊ အခု အသက် ၂၇ နှစ်ဘဲရှိသေးတယ်၊ သူ့ ခမဲတော်အစီအမံနဲ့ ဘင်္ဂလားပြည်ထဲမှာ ၁၀ နှစ်သားအရွယ်ကစပြီး နေတာ ၁၀ နှစ်လောက်ကြာတယ်၊ ဘင်္ဂလားက အသက် ၁၉ နှစ် လောက်မှာ ဘီအက်စီအောင်ပီး ဘိလပ်မှာ အင်ဂျင်နီယာသွားသင်သေးတယ်၊ ဘင်္ဂလားအစိုးရနဲ့ တိုင်ပင်ပီးလွှတ်ကြတာဘဲ၊ နောက် ဂျပန်မြေမှာ ၆ လလောက်ကြာတယ်၊ ယိုးဒယားတို့ ရှမ်းပြေတို့ မှာလဲ ၃ လ၊ ၆ လ လောက်စီနေပြီး သူ့ခမဲတော် နတ်ရွာစံခါနီး မှ ယူနန်နယ်ထဲ ဝင်သွားတာ. . .'

'အော်ဒါဖြင့်. . . ပညာတကယ့်စုံတဲ့ သူငယ်ပေါ့၊ ဒီလို သူငယ်မျိုးမှ စိုးရိမ်စရာကောင်းတာ ဘဲ၊ မင်းလောင်း မောင်သန့်တို့၊ ဆရာစံတို့ဆိုတာကတော့. . . ဆင်ကန်းတောတိုးအလုပ်မျိုးမို့ ကိုယ်နာတဲ့ဘက်ကဘဲ၊ အန္တို့ သူ့ရဲ့အကြောင်းက ဘယ်လိုများ ထူးလို့လဲ. . .'

'ဒီလိုဦးရဲ့. . . အရင်က သူ လွတ်လွတ်လပ်လပ်သွားလာနေနိုင်တာကတော့ သူ့ဘက်က စိုးရိမ်စရာ အရိပ်အမြွက်မျှ မတွက်လို့ဘဲ၊ ဒါပေမဲ့ သူ့နောက်ကိုတော့ လိုက်နိုင်သလောက် လိုက်ကြ တာဘဲ၊ လွန်ခဲ့တဲ့ ၂ နှစ်ကမှ သူ ယိုးဒယား ၃-၄ လ နေစဉ်အတွင်းမှာ အရေးပါအရာရောက်တဲ့ စစ် ဘက်ပုဂ္ဂိုလ်များ မှူးမတ်များနဲ့ တွေ့သွားတဲ့အကြောင်း၊ ဂျပန်မှာနေတုန်းကလဲ ဒီလိုဘဲဦးရဲ့၊ နောက်ဆုံး သီပေါနယ်နဲ့ ကျိုင်းတုံနယ်မှာလဲ တကဲ့သြဇာကောင်းတဲ့ သူတွေနဲ့ တွေ့သွားတယ်၊ စောနန်းသူကို ဦးသိတယ်မဟုတ်လား. . .'

'ကျိုးတုန်စော်ဘွားဟောင်းရဲ့ ဦးရိုးတော်မဟုတ်လား၊ အသက် ၆၀ ကျော်ပါဘီ သိတာပေါ့၊ သူက ကျိုင်းတုန်နယ်မှာ အထူးကြည်ညိုခံရတဲ့ ပုဂ္ဂိုလ်ကြီးဘဲ၊ အင်္ဂလိပ်အရာရှိတွေ မလေးမခန့် လုပ်လို့ ရာထူးမရတာ ဘဲ. . .'

'အဲ. . . ဟုတ်တယ်ဦးရဲ့ တနေ့က ဒီစော်ဘွားကြီးဆီက 'သခင်ကလေး အစစစိတ်ချတော် မူပါ၊ မကြာမီ အကြံများအောင်မြင်ပါလိမ့်မယ်၊ ကျွန်တော်မျိုးကြီးလဲ စိတ်အားမလျှော့ပါ' ဆိုတဲ့ စာတစောင် စာတုက်ဘက်က ဖမ်းပြီးဖောက်ကြည့်လို့ သိရတယ်၊ ဒိပြင် ဂျပန်ကောင်စစ်ဝန်လဲ အရေးကြီးတဲ့ စာတွေရထားတယ်ဦးရဲ့. . .'

'အို ဒါဖြင့် လူသာငယ်တယ်၊ ကြီးကြီးကျယ်ကျယ်ကြံမဲ့လူပါလား၊ အင်း. . . မဟာဆီ မဟာ သေါးဆိုတာ တကဲ့တိဟိတ်ပုဂ္ဂိုလ်တွေဘဲ'

'ဘယ်လိုဘဲကြံကြံ လက်နက်၊ လူအင်အား တူမျှနိုင်ဘို့ အခဲယဉ်းသားဘဲ၊ နောက်ဆုံး ဆင်းရဲသားတွေ ဒုက္ခရောက်မှာဘဲ ဦးရဲ့'

'ဦးလဲ ဒီလိုသဘောရတာ ဘဲ၊ သူ့အကြောင်းက ဒါလေဝံဘဲလား'

'အို. . . ကျွန်တော်ရထားတဲ့သတင်းတော့ မပြောနဲ့၊ ရှမ်းပြည်ထဲမှာလဲ လက်နက်တွေ လုပ်နေသတဲ့၊ ဂျပန်နဲ့ ယိုးဒယားက လက်နက်တွေကိုလဲ ကျိုင်းတုန်နယ်က သွင်းဘို့ စီမံနေတယ် တဲ့. . . တချို့ နမူနာတွေတောင် ရောက်နေဘီတဲ့'

'နေပါအုံး. . . ဒီလက်နက်တွေကို ဘယ်ကငွေနဲ့ သူဝယ်နိုင်တာလဲ. . .'

'ဂျပန်ဆိုတာကတော့ ဦးသိတဲ့အတိုင်းဘဲ. . . ငွေမရပေမဲ့ အင်္ဂလိပ်အင်ပိုင်ယာတနယ် လှုပ်လှုပ်ရှားရှားဖြစ် နဲ့သလားဆိုပြီး အလကားထောက်ချင်ရင် ထောက်မှာပေ့ါ. . . အီတလီနဲ့ ဂျာမနီက စပိန်နဲ့ ပယ်လက်စတင်ကို ထောက်သလိုပေ့ါ၊ ပီးတော့ အလွန်စိုးရိမ်စရာကောင်းတာက ငွေစက္ကူ ဦးရဲ့ငွေစက္ကူဆိုတာ ဦးလဲ သိသားဘဲ၊ ဗမာပြည်သာ လုပ်ဘို့ခက်တာ. . . ရာတန်. . . ထောင်တန်တွေဟာ ဒိပြင်နိုင်ငံမှာဆိုရင် တပဲ ၂ပြားအကုန်ခံရုံနဲ့ ဖြစ်နိုင်တာ၊ ဒါတွေကိုလဲ ဂျပန်က လုပ်ပေးသလို ကြားရတာ ဘဲ. . .'

ဦးလှဘော်ကား သာမည မင်းဆွေမင်းမျိုးကလေးတယောက်ဟု

ထင်မှတ်ခဲ့သော ထိပ်တင် ကြီးအား ဧရာမတိုင်းပြည်ပုန်ကန်မည့်
သူပုန်ခေါင်းဆောင်ကဲ့သို့ ထင်မှတ်သွားလေ၏ ။

'အန္တို့. . . စုံထောက်မင်းကြီးက သူ့အပေါ် ဘယ်လိုသဘောထားသလဲ. . .'

'ဆိုင်ရာ ဝန်ကြီးချုပ်တွေရဲ့ သဘောအရဆိုရင် သူ့ကိုခိုင်လုံအောင်
စုံစမ်းပြီး သူ့ခမဲတော်လို ဘုံဘိုင် တနယ်နယ်မှမှာ နယ်ပြောင်း (Deport) ထားဘို့
စိတ်ကူးထားတာပါတဲ့၊ အဆက်အသွယ် တွေ ဖြတ်လိုက်ရင် ပြီးတာဘဲတဲ့. . .
အကြောင်းမခိုင်လုံဘဲ နယ်ပြောင်းပို့ပြန်ရင် တိုင်းပြည်ကဆူမှာ စိုးရိမ်ရသေးတယ်. .
.'

'အန္တို့. . . မောင်ဌေးအောင် ဘယ်လိုအခြေခံများ ရပြီလဲ. . .'

'ကောင်းကောင်းမရသေးပါဘူး. . . တိုက်ရိုက် အင်တာဖီးယား
မလုပ်ရတော့ အခက်သား၊ သူက တရပ်ပြေကအပြန် မန္တလေးမှာ ဖ
လလောက်နေသေးတယ်၊ နယ်ပုလိပ်နဲ့ စုံထောက်တွေ အမေးအမြန်းထူတာနဲ့
ရန်ကုန်ပြောင်းလာတာတဲ့ ဦးရဲ့၊ ခက်တာက သူ့မှာ ယောကျ်ားမိတ်ဆွေဆို လို့
ဘသူ့မှ မပေါင်းဘူး'

'ဒါဖြင့် ဒီလိုလုပ်ပါလား၊ ခြံချင်းလဲ နီးသားဘဲ. . .၊ ခင်နဲ့ မိတ်ဆွေဖွဲ့ပြီး
တစိတစောင်း အကဲ ခပ်၊ သူ့မယ်တော်ရှိတော့ မယ်တော်နဲ့လဲတွေ့ပေ့ါ. . .'

ကိုဌေးအောင်ကား မိမိကတောင်းပန်ရမည့်ကိစ္စကို
ယောကျ္ခမလောင်းကိုယ်တိုင်က သဘောတူနှင့်နေပြီဖြစ်၍
များစွာဝမ်းမြောက်သွားလေ၏ ။

'ကျွန်တော်လဲပြောမလို့ဟာ မပြောဝံ့တာနဲ့ဘဲ ဦးရဲ့'

'အို. . . ကျုပ်တို့ ဗမာနိုင်ငံသာ ဆန်းနေတာပါ၊ အနောက်နိုင်ငံမှာ
ရိုးနေဘီ၊ ကျုပ်ဟာ အစိုးရ အမှုတော်ကို နှစ်ပေါင်း ၂၀ နီးပါး ထမ်းဆောင်လာပြီး

ဆင်းရဲသားအများဒုက္ခရောက်မဲ့ကိစ္စ ကို မကူလို့ ဘယ်ဖြစ်မလဲ မောင်ရဲ့’

‘တကယ် အထမြောက်မယ်ဆိုရင် ကျွန်တော်လဲ ဗမာဘဲ ဦးရဲ့၊ တတ်နိုင်တဲ့ဘက်က ကူရ မှာပေါ့၊ အခုတော့ လူတွေသေရုံအုပ်ချုပ်ရေး အနှောင့်အယှက်ဖြစ်ရုံဆိုတော့ ဘယ်ဟန်ကိုက်မလဲ စပ်မိလို့ ပြောရအုံးမယ်. . . တနေ့က ပန်းသယ်ယောင်ဆောင်ပီး သူ့ခြံထဲ ဝင်မိတယ်၊ သူ့အိမ်တိုင် တတိုင်မှာ ကြေးစားလုံးနဲ့ ‘သူပုန့်အိမ်’ လို့ ရေးထားတယ်၊ နောက် သူကိုယ်တိုင် အိမ်ပေါ်က ပြေးဆင်းလာပီး ဟေ့ ပန်းသယ် ဒီကမခေါ်ဘဲ ငါ့အိမ်ထဲ မဝင်ခဲ့နဲ့တဲ့. . .၊ ဝင်ရင် သေနတ်ကြည့်ဆိုပီး ခါးက ခြောက်လုံးပြူးကို ထုတ်ပြတယ်၊ ခြောက်လုံးပြူးကိုလဲ သရေအိတ်နဲ့မဟုတ်ဘူး၊ အလွတ် ထိုးထားတာဘဲ၊ ကျွန်တော်လဲ မြန်မြန်ထွက်လာခဲ့ရတယ်. . .’

‘အော်. . . သူ့အိမ်ကို ‘သူပုန့်အိမ်’ တဲ့၊ တကယ်လဲ ရမ်းတဲ့လူကိုးကွဲ့’

‘ဒီသတင်းကို စကားစပ်မိလို့ ရာဇဝတ်ဝန်ကို ကျွန်တော်ပြောမိတာကို ရာဇဝတ်ဝန်က သွားမေးတာပေါ့၊ ဒီတော့ သူက ဟိုပုလိပ်ကရှုပ်၊ ဒီပုလိပ်ကရှုပ်နဲ့ အမြင်ကပ်လို့ အရွဲ့တိုက်ထား တာတဲ့၊ ဒီလို နာမည်ပေးရုံနဲ့ ဘယ်ဥပဒေအရ အရေးယူနိုင်သလဲလို့ ပြောလွှတ်လိုက်တယ်၊ နောက် ပုလိပ်မင်းကြီးက ဘယ်ပုလိပ်စုံထောက်မှ တုက်ရိုက် မေးလားမြန်းလားမလုပ်ဘို့ သတိပေးထား တယ် ဦးရဲ့’

‘ခင်နဲ့ဆိုရင်တော့ မကြာခင် မိတ်ဆွေဖြစ်ပါလိမ့်မယ်ကွဲ့’

‘ဟုတ်ကဲ့. . . မကြာခင် မိတ်ဆွေဖြစ်ပီး ဟန်ကျမယ်လို့ မျှော်လင့်တာဘဲ’

ထိုအတွင်း အသွားအလာများသည် တစတစ ရပ်စဲလျက် တခါတရံမှ မော်တော်ကား တစင်းတလေ ဖြတ်သွားသဖြင့် ထိုအပိုင်း၌ ဆိတ်ငြိမ်၍ နေလေရာ မြောက်ဘက်အိမ်မှ ပတ္တရားသံ ပျောက်ပြီး စန္ဒယားသံကို ကြားရလေ၏။ ခင်ဆွေတင့်သည် ဖြူဖွေးသော သွားကလေးများပေါ် အောင်ပြုံးလိုက်ရင်း. . .

'ကြည့်စမ်း. . . စောစောက ပတ္တာရား၊ အခုတော့ စန္ဒယားတီးနေပြန်ဘီ၊ ဟော. . . အတိုင်း မသိ သီချင်းခံကြီးပါလား. . . နားထောင်စမ်းမယ်. . .'

ခင်ဆွေတင့်သည် အခန်းအပြင်သို့ထွက်သွားရာ ကိုဌေးအောင်လည်း နောက်ကလိုက်ပါ သွားလေ၏။ ၎င်းတို့နှစ်ဦးမှာ မြေက်ဘက်အိမ်နှင့်နီးအောင် မြောက်ဘက်ခြံစည်းရိုးနားသို့ ကပ်၍ သွားကြလေ၏။ တဘက်အိမ်ကြီးမှ အိမ်ရှေ့ဆင်ဝင်အပေါ်ထပ်တွင် ပြတင်းတံခါးများဖွင့်၍ ထားရာ ပြတင်းတခုနှင့် တည့်တည့်တွင် ထိန်လင်းသော ဓာတ်မီးရောင်အောက်၌ ဆံပင်ရှည်ရောင် တစောင်းထုံးလျက် စန္ဒရားတီးနေသော မင်းသားကို မြင်ကြရလေ၏။

'ကိုကိုရဲ့ လူက သူပုန်လောင်းသာဆိုတာ၊ ဝတ်လိုက်မှဖြင့် ဂွချည့်ဘဲ၊ ကော်လာရှပ်အကျႌနဲ့၊ ဆွယ်တာနဲ့ ဝတ်လိုဝတ်. . . သက္ကလပ်ဝတ်လိုဝတ်နဲ့၊ တနေ့က ကားနဲ့အိမ်ပေါက်ထွက်လာပီး အိမ် ပေါက်ရောက်မှ ကိုယ်ပိုင်ကားပေါ်ကဆင်းပီး ဘတ်စ်ကားနဲ့ မြို့ထဲလိုက်သွာတယ်. . .'

'လူကတော့ လူတမျိုးဘဲ ခင်ရဲ့. . .၊ ယောက်ျားတွေတော့ ပေါင်းလို့မရဘူး'

'အံမာ. . . ခင်က အရှုးလားဘာလားမသိလို့ပါ၊ ခင်သွားနှုးရင် ပါလာမှာပါ. . .'

'ခင် သူ့ရုပ်ကို အနီးက ကပ်ပီး မြင်ဘူးရဲ့လား'

'ဟင့်အင်း. . . မမြင်ဘူးဘူး၊ အသက် ၂၇ နှစ်ဆိုလို့သာ ခင်ဖြင့် ၃၀ လောက် ထင်နေတာ ဘဲ. . .'

'အို. . . အနားကပ်ကြည့်တော့၊ အတော်ရုပ်ရေသန့်တယ် ခင်ရဲ့၊ လူကောင်ကထွား ဆံပင် ရှည်နဲ့မို့ သူ့မျက်နှာကို အနားကပ်ကြည့်ရင် အသက် ၂၀ လောက်ဘဲ ထင်ရတယ်'

‘ဒါလောက်ဘဲလားဆရာ၊ ဒါဖြင့် လူချောကြီးတယောက်လား. . .’

‘ချောလဲချောတယ်၊ ခန့်လဲခန့်တယ်၊ ခင်လုပ်ရမဲ့အလုပ်က ဦးတို့ရှေ့ မပြောဝံ့လို့သာ သူ့ကို ဖြားယောင်းရမှာ ခင်ရဲ့’

‘ဘာတုံး. . . သူက ခင့်ကို ပိုးချင်ပန်းချင်အောင် ပြုမူရမှာလား’

‘ဟုတ်တယ်. . . အဲသလို မက်လုံးကလေးလဲရှိမှ သူ့အိမ်ကို ဝင်ထွက်နိုင်မှာပေ့ါ၊ ဒါပေမဲ့. . . အို ခင့်ကိုတော့ ယုံတယ်လေ’

‘ဘာလဲ. . . ရှင်းရှင်းပြောစမ်းပါ၊ ခင်ကပါ တကယ်ကြိုက်သွားမှာစိုးလို့လား. . .’

‘သိပ်နီးစပ်အားကြီးတဲ့အခါ၊ သတိလစ်သွားမှာ စိုးတာပါဘဲ. . .’

‘ပြောရမကောင်းပါဘူး၊ ခင်နဲ့ကိုကို လူကြီးတွေ ဘယ်လိုစီမံထားသလဲ. . .’

‘ကြောင်းလမ်းထားတာလဲမဟုတ်၊ အရိပ်အမြွတ်သာပြောထားတာ. . . ပြီးတော့ ခင်ကလဲ လက်ကလေးတောင် အကိုင်မခံတော့’

‘ကိုင်းလေ ဒါဘဲ စဉ်းစားကြည့်ပါ၊ တကယ် လက်ထပ်မဲ့သူတောင် ဒီလောက်စည်းကမ်း စောင့်သေးတာ၊ ကိုကို့အတွက် ကူရမယ့် ဟိုလူ့ကို ဘာဖြစ်လို့ မစောင့်နိုင်ရမှာလဲ ကိုကိုရဲ့ မဟုတ် ဘူးလား. . .’

‘သူတို့က ကိုကိုတို့လိုမဟုတ်ဘူး မင်းမျိုး ခင်ရဲ့ ကြိုက်မိရင် ခါးကွပ်ပြီး အရကြံမှာ သိရဲ့ လား’

‘ကိုင်း ဒါလောက်စိုးရိမ်နေရင်လဲ ရပ်တန်းကဘဲ ရပ်ကြစို့’

‘အဖြစ်သာပြောတာပါ စောစောက ဒီလိုဖြစ်တတ် တင်ကူးစဉ်းစားထားရင် မဖြစ်အောင် ရှောင်နိုင်တာပေ့ါ၊ ဒီအလုပ်က မလွယ်ဘူးခင်ရဲ့၊ နောက်ဆုံး ရင်းရင်းနှီးနှီး မိတ်ဆွေဖြစ်ကြရော ဆိုပါတော့ သူကလဲ

ပုထုဇဉ် လူပျိုယောကျ်ား တနေ့မှာ ချစ်စကား ကြိုက်စကားပြောရော ခင်က ငြင်းလိုက်ရင်လည်း မိတ်ပျက်ပြီး အကြံအောင်မှာ မဟုတ်ဘူး၊ မငြင်းရင်လဲအခက် အော် တော်တော်ရှုပ်တာဘဲ’

ကိုဋ္ဌေးအောင်သည် မိမိချစ်သူနှင့် ရာထူးအတွက် နှစ်ခုကို ချိန်စက်ကာ ချီတုံချတုံ စဉ်းစား နေမိလေ၏။

‘အံမာ ခက်ခက်နိုးနိုး ငြင်းလဲမငြင်းဘူး၊ ဂတိလဲမပေးဘဲနဲ့ မိန်းမမာယာနဲ့ အချိန်ဆွဲနေမှာ ပေ့ါ ကိုကိုရဲ့’

‘အဲ အဲ ဟုတ်ပီ ဟုတ်ပီ ဒါကြောင့် ဒါကြောင့် မိန်းမဉာဏ် အရေးကြီးတယ်လို့ ပြောကြတာ ဘဲ၊ သူကကော ဒီခြံဘက် ဂရုစိုက်ပုံမရဘူးလား’

‘မရပါဘူး. . . ခင်ကသာ ဘယ်လိုလူစားတွေ ရောက်နေသလဲလို့ ပန်းခြံထဲက လှမ်းလှမ်း ကြည့်မိတာ သူတို့ဘက်ကများ အနီးအနား လူရှိတယ်လို့တော့ မှတ်မယ်မဟုတ်ဘူး၊ ပီးတော့ ကိုကိုရယ် သူ့အသက်က ၂၇ နှစ် ခင်က ၁၈ နှစ်ရှိသေးတာ ၈ နှစ်တောင်ကွာနေတော့ ခင့်စိတ် ပြောင်းနိုင်ပ့ါမလား’

‘ခင် သူနဲ့ ဆက်သွယ်ဘို့ ဘယ်လို စမလဲ. . . အကြောင်းမသိသေးခင်. . . သူ့ ဝင်းထဲ အရမ်းဝင်မသွားနဲ့အုံး၊ ဘောက်ပြောချင် ပြောမဲ့လူ. . .’

‘ခင် တော်သလို ကြည့်လုပ်မှာပါ. . . ဟော. . . ဟော ကြည့်စမ်း စောင်းကောက်ကြီး ကောက်တီးနေပြန်ဘီ ဘာတဲ့. . . ဖဲယျာရွှေမြေ တီးနေတယ်. . .’

နှစ်ဦးသားသည် စကားပြောရာက အိမ်ကြီးဆီသို့ လှမ်း၍ ကြည့်ကြပြန်လေ၏။ ရောင်ကြီး ပွေမှာကား စန္ဒယားဘေးတွင်ပင် စန္ဒယားအံဖုံးပေါ် စောင်းကောက်တင်လျက် လက်မ၊ လက်ညှိုးတို့ ဖြင့် တီးခပ်နေလေ၏။

‘သူနဲ့ မိတ်ဖြစ်ဘို့လိုတာပါ၊ မိတ်ဖြစ်ရင် စန္ဒယားတီး၊ စောင်းကောက်တီး

သင်ပေးပါဆိုပြီး သူ့အိမ်ဝင်ထွက်နေမှာပေါ့. . .'

'အင်း. . . ဒါလဲ အဟန်သား ခင်ကလဲ စန္ဒယားတီးတတ်တာနဲ့ အံကျဘဲ. . .'

ထိုအတွင်း ကားတစင်းသည် ဝင်းပေါက်မှ ဝင်၍ လာရာ ကိုငွေးအောင်သည် ခင်ဆွေတင့် အား နီးနီးကပ်ကပ်ကြည့်ရှုကာ အသက်ပြင်းပြင်းရှူလိုက်ရင်း ကားဘက်သို့ လှမ်းကြည့်ပြီးလျှင်. . .

'ဟော ကားတောင်ပြန်လာပြီ' ဟု ညည်းညည်းညူညူ ပြောဆိုလိုက်လေ၏။ နှစ်ဦးသား သည် အိပ်ခန်းထဲသို့ဝင်လာကြပြီးနောက် ကိုငွေးအောင်လည်း လူကြီးများအား နှုတ်ဆက်လျက် မိမိ၏ ကားပေါ်သို့ တက်ရောက်ကာ ထွက်ခွါသွားရာ ခင်ဆွေတင့်မှာ ကားနောက်ပိုင်း မီးနီကလေး ကို ကြည့်ရင်း ကျန်ရစ်လေ၏။

ခွေးနှင့်လူ ဘယ်သူက သစ္စာရှိ။

နောက်တနေ့ မိုးလင်းသည်နှင့် တပြိုင်နက် ခင်ဆွေတင့်မှာ အလုပ်တခုတိုးခဲ့လေ၏ ။ အိပ်ခန်းထဲမှ ကော်ဖီများသောက်ပြီးလျှင် အိမ်ရှေ့ပန်းခြံထဲသို့ ထွက်ခဲ့လေ၏ ။ လက်တဘက်တွင် စာအုပအ်တအုပ်ကိုကိုင်ထားကာ စာကြည့်သလိုနှင့် မြောက်ဘက်အိမ်ဝင်းကြီးကို အကဲခပ်ကြည့်ရှု နေလေ၏ ။ ကုလားများမှာ သစ်ပင်ရေလောင်းသူက လောင်း၊ သစ်ပင်များကို ကပ်ကျေးနှင့် ညှပ်သူ က ညှပ်၊ မော်တော်ကားကို ရေဆေးသူက ဆေးနှင့် အလုပ်လုပ်နေကြ၏ ။

ခြံစည်းရိုးများမှာ အကာအရံသက်သက် ပြုလုပ်ထားခြင်းမဟုတ်ဘဲ၊ သစ်ပင်များကို ညီညာ စွာ စိုက်၍ ရင်ခေါင်းလောက်အမြင့်တွင် ညီညာစွာ ကိုက်ညှပ်ထားရာ ၎င်းတို့နှစ်ခြံသည် တခြံမှ တခြံသို့ ကောင်းစွာမြင်နိုင်လေ၏ ။ ခင်ဆွေတင့်ကား မင်းသားကိုသာ ဂရုစိုက်ကြည့်ရှုဟန်တူ၏ ။ အိမ်ဆင်ဝင်ဆောင်အပေါ်ထပ်၌ ရှေးထမီဝတ်ဆင်ထားသော အမယ်ကြီးတဦး ပန်းရေချမ်းလဲလှယ် နေသည်ကို မထင်မရှား မြင်ရလေ၏ ။ မင်းသားကိုကား မမြင်ရသေးချေ။ အချိန်မှာ ၇ နာရီသာသာ မျှရှိသေးရာ မင်းသားအိပ်ပေါက်မှ ကာကီဘောင်းဘီအတို ကကီရှပ် ရွက်ထည်ဘိနပ်ခြေအိပ်ရှည် ဖော့ဦးထုပ် ဆောင်းထားသော ဒုတ်ကောက်နှင့် ကပြားလိုလို ထွားထွားကြိုင်းကြိုင်းလူတယောက် ဝင်၍ လာလေ၏ ။ ထိုလူမှာ အိမ်လှေကားအထိ ခြေလှမ်းခပ်သွက်သွက်လှမ်း၍ လာရာ ကုလားများ က ဆီးကြိုဆလံပေးကြ၏ ။

ခင်ဆွေတင့်ကား လည်ပင်းကလေးရှည်လက် လှမ်းမျှော်ကြည့်မိရာ ဆင်ဝင်အောက်မှ အိမ်ခန်းထဲသို့ ဝင်မည်အလုပ် ဦးထုပ်ချွတ်လိုက်မှ ဆံပင်နှင့် ထိပ်တင်ကြီးဖြစ်နေသည်ကို သိရလေ သည်။ ခင်ဆွေတင့်မှာ သွားကလေးများပေါ်အောင် ပြုံးမိလျက် စူးစိုက်ကြည့်ရှုနေလေ၏ ။ မင်းသား ကား

မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ဝင်ရောက်သွားရာ နာရီဝက်ခန့်အကြာတွင် ဆင်ဝင်အပေါ်ထပ် ဟာလာဟင်းလင်းပြတင်းပေါက်၌ ပိုးလုံချည်ကွက်ကြဲ ကော်လာရှပ်လက်တိုအဖြူနှင့် ပက်လက် ကုလားထိုင်တွင် ကားကားကြီးထိုင်လိုက်ကာ အင်္ဂလိပ်သတင်းစာကြီးတစောင်ကို ကြည့်ရှုနေလေ ၏ ။ နံနက်ခင်း၌ ကား ခင်ဆွေတင့်မှာ ထိုထက်ပိုမိုမတတ်နိုင်တော့ချေ။ ကျောင်းတက်သွားရန်ကိစ္စ ကလည်း ရှိသေးသဖြင့် အိမ်အောက်ထပ်သို့ ပြန်လာကာ နံနက်စာစား ဖီးလိမ်းပြုပြင်ပြီးလျှင် ဖခင် ကြီးရုံးမသွားခင် အိမ်က ကားကြီးဖြင့် ကျောင်းသို့ သွားလေ၏ ။

ခင်ဆွေတင့်မှာ အရာရှိတဦး၏ သမီးလည်းဖြစ်၊ ကျောင်းသူလည်းဖြစ်သောကြောင့် ကျောင်း သား သမဂ္ဂမှစ၍ အများနှင့်ဆက်ဆံသော ကိစ္စတွင် ပါဝင်ခြင်းမရှိခဲ့ရာ ထိပ်တင်ကြီး၏ အကြံ အစည်ကိုလည်း သဘောပေါက်အောင် စဉ်းစားနိုင်ခြင်းမရှိချေ။ ထိပ်တင်ကြီး မည်သို့မည်ပုံ ကြံစည် သည်ကို မိမိချစ်သူ စုံထောက်ဝန်ကလေး စုံထောက်၍ ရရှိသည်ဟု အထက်အစိုးရကြီးသိလျှင် ဝန်ကြီးရာထူးကို မကြာခင်ရမည်၊ မိမိချစ်သူ ကြီးပွားက မိမိလည်း ရေမြင့်ကြာတင့်သကဲ့သို့ ဖြစ်မည် ဟု ဤအချက်ကိုသာ တွေးမိသူဖြစ်လေ၏ ။

သာမည နိုင်ငံရေးလုပ်ငန်းကလေးကိုမျှ ကြံစည်လုပ်ကိုင်ခဲ့ခြင်းမရှိသော မိန်းမပျိုကလေး သည် မြန်မာနိုင်ငံကြီး တနိုင်ငံလုံး မြန်မာတို့လက်အောက်ဝယ်သို့ရောက်အောင် ပုန်ကန်ထကြွယူ မည့် မင်းဆွေမင်းမျိုးတဦးအား လှည့်စားသိမ်းသွင်းနိုင်ပါမည်လော၊ ဂျပန်က လက်နက်တွေသွင်း၊ ငွေစက္ကူတွေလုပ်၊ လူတွေစု၊ အော် . . . အတော်အကြံကြီးတဲ့လူဘဲ စသည်ဖြင့် ကျောင်းစသာသင် ချိန်၌ လည်း ထိုအကြောင်းသာ တွေးတောမိပြီး လက်ချာရာများ၊ ပရိဖက်ဆာများ ပြောပြနေသည် ကို အာရုံလွတ်ကင်းနေမိလေ၏ ။

ညနေ ၄ နာရီအချိန်တွင် ဆလွန်းကားနက်ကြီးတစင်းသည် ပြည်လမ်းတလျှောက် မြောက် ဘက်မှ တောင်ဘက်သို့ မောင်းနှင်လာလေ၏ ။ ကားနောက်ပိုင်း၌ မိန်းကလေးတဦးပါလာရာ ကားသည် တခုသော ဝင်းခြံနှင့် ကျွန်းအိမ်ကြီးရှေ့သို့ ရောက်သောအခါ မိန်းကလေးသည် ကား ပြတင်းပေါက်မှ ပြူတစ်ပြူတစ်လုပ်ကာ ဝင်းခြံထဲသို့ ကြည့်လေ၏ ။ ဝင်းခြံထဲ၌ အဘိုးကြီး တယောက်နှင့် ကုလားမှအပ အခြားသူများကို မမြင်ရချေ။ ကားကြီးသည် ထိုဝင်းခြံနှင့် ကပ်လျက် ရှိသော တောင်ဘက်ခြံကြီးထဲသို့ ထိုးဝင်သွားလေ၏ ။

၅ နာရီခန့်တွင်ကား ခင်ဆွေတင့်သည် ပန်းခြံထဲသို့ ထွက်ခဲ့ပြန်လေ၏ ။ ထိုအချိန်ကား မြောက်ဘက်အိမ်မှ ဆင်ဝင်အောက်ထပ်ရှေ့ရှိ မြက်ခင်းတွင် မင်းသားနှင့် အဘိုးကြီးသည် ၂ ယောက်ထဲ ခြင်းခပ်နေကြ၏ ။ ခင်ဆွေတင့်မှာ အံ့သြစွာ လှမ်း၍ ကြည့်နေ၏ ။ အဘိုးကြီးကား ခြင်းလုံးကို ခြေဖျားတွင်ညှပ်၍ ပခုံးသို့ မြှောက်တင်ပြီး ညှပ်ပြန်၏ ။ ညာပခုံးကြားမှ ဘယ်ပခုံးကြား သို့ ပွဲထဲတွင် ခြင်းအလှုကစားသကဲ့သို့ နောက်ပေါက်နှင့် ပို့လိုက်၏ ။ မင်းသားသည်ရောက်လာသော ခြင်းလုံးကို ဘယ်ဘဝါးဖြင့် ဘမ်းရိုက်လျက်၊ ညာဘဝါး မဟာဒူးစလွယ် ၄၊ ၅ မျိုး ပြောင်း ကစားကာ အဘိုးကြီးဆီ ပို့ပြန်၏ ။ အဘိုးကြီးထံမှ ခြင်းကျသွားသောအခါ ဘေးကရပ်ကြည့်နေ သော ကုလားများက ကောက်ပေးရ၏ ။ ၎င်းတို့ကား အခြားလူရှိသည်မထင်၊ ဂရုလည်းစိုက်ပုံမရ ချေ။

ခင်ဆွေတင့်သည် ကိုယ်လုံးပေါ်မဟုတ်ဘဲ မျက်နှာတခြမ်းပေါ်မျှ ပန်းခြုံတခြုံမှ ကွယ်၍ ကြည့်၍ နေခြင်းဖြစ်ရာ ခြင်းသမားနှစ်ယောက်ကို ဘေးတိုက်သာ မြင်ရလေ၏ ။ မင်းသားမှာ ဘောင်း ဘီတိုစပို့ရှပ်နှင့်ဖြစ်ရာ အဘိုးကြီးမှာ ထိုးကွင်းများပေါ်အောင် ခါးတောင်းမြှောင်ကျိုက်ထားလေ၏ ။ နာရီဝက်ခန့်အကြာတွင် ခြင်းလုံးပွဲပြီးပြန်ရာ အဘိုးကြီးမှာ အတော်မောရ၍ နေဟန်တူ၏ ။ ကုလားများ ကား ခြင်းခပ်သောနေရာမှာပင် ပိုက်ကလေးများ တန်းကြပြန်၏ ။ မကြာမီ အဘိုးကြီးနှင့် ကြက် တောင်ရိုက်နေကြရာက မင်းသားက

မမောတန်း ရယ်၍ ကစားနိုင်သော်လည်း အဘိုးကြီးမှာ ဟိုက်၍ နေရှာ၏။

'အဲဒီ လို 'ဂွ' သမားဘဲ. . . အဘိုးကြီးကို ဘက်တမင်တန် အကစားခိုင်းနေတယ်. . .'

ခင်ဆွေတင့်သည် နောက်က ကပ်လျှက်ပြောလိုက်သော ကိုငွေးအောင်၏ အသံကို ကြားရ သဖြင့် လှည့်ကြည့်ကာ ပြုံးလိုက်ရင်း 'ခုနက ခြင်းခပ်နေကြတာ. . . အံမာ. . . ခြင်းခပ်အကောင်း ကြီး ကိုကိုရဲ့'

'လူက 'ဂွ' စာဘဲ ခင်ရဲ့၊ မနေ့ညကကြည့်လေ၊ ပတ္တရားတီးနေတော့ ရှေးရိုးဆန်တယ် အောက်မေ့နေတာ၊ ဟော. . . တော်တော်ကြာ စန္ဒယားကောက်တီးပြန်ရောက်၊ တခါ စန္ဒယားက စောင်းကောက် ကိုင်ပြန်ရော. . .'

'မနက်ကလဲ ကာကီဘောင်းဘီနဲ့ ဦးထုပ်နဲ့ ဘယ်က ဗိုလ်ကပြားလဲ အောက်မေ့ရတယ်၊ မနက်တိုင်း လမ်းလျှောက်တယ်ထင်ပါရဲ့'

'ဟုတ်မှာပေ့ါ. . . လူကတော့ အတော့ကို ကျန်းမာပုံရတာ ဘဲ. . .'

'ဒါထက် ခင် တခုစိတ်ကူးမိတယ်. . . ပြောရင် စိတ်ဆိုးမှာလား၊ အကြောင်းကတော့ ကိုကို ခင်တို့ဆီ ခဏခဏမလာဘဲ တနင်္ဂနွေတပတ်မှ တခေါက်လောက်လာဘို့. . .၊ လာတဲ့အခါလဲ အခုလို ပန်းခြံထဲမှာမတွေ့ဘဲ အိမ်အောက်ထပ်မှာ စကားပြောကြစို့. . .'

'ဘာပြုလို့လဲခင်ရဲ့၊ ဟိုင်နဲမြင်သွားရင် အမှန်ထင်သွားမှာစိုးလို့လား'

'ဟုတ်တယ်. . . သမီးရည်းစားထင်သွားရင် အကြံမအောင်ဘဲ နေမှာစိုးလို့'

'ဆင်ခြင်ရတာ ပေ့ါလေ. . . ကိုကို့အလုပ်ကိုး၊ ဒါပေမဲ့ အောင့်သက်သက်ကြီးနော်. . .'

'ဒီလို အဆင်းရဲခံမှ နောင် ဟန်ကျမှာပေ့ါ ကိုကိုရဲ့၊ လမ်းစတခုတော့

တွေးမိဘီ၊ ဒါပေမဲ့ ခင်ရဲ့ အကြံအောင်မှ ကိုကို့ကို ပြောပြမယ်၊ လာ. . .
အိမ်အောက်ထပ်သွားကြစို့. . .'

ဟု နှစ်ဦးသားရှေ့နောက် လာခဲ့ကြလေ၏။ ထိုင်မိကြလျှင်
ကိုငွေးအောင်က. . .

'ဘယ်လိုကြံထားတာလဲ ခင်ရဲ့၊ ပြောစမ်းပါအုံး'

'အကြံအောင်မှ ပြောမယ်ဆိုတာ အခုမေးနေရသေးသလား'

'ဗွါ. . . ဗွါ. . . မမေးပါဘူးဗျာ'

ဟု ကိုငွေးအောင်သည် ပြုံးဖြဲဖြဲကြီးလုပ်လိုက်၏။

ထိုအတွင်း ဦးလှဘော်ထွက်လာကား ပြုံးရွှင်စွာဖြင့်. . .

'ဒါထက် မောင်ငွေးအောင်. . . ခင်လဲ စုံထောက်ဖြစ်နေဘီ. . . မနက်၊ ည
အားတယ်လို့ မရှိ တော့ဘူးကွဲ့'

'နောင် အကျိုးများမဲ့ကိစ္စတွေဘဲ၊ ခင့်အကူအညီနဲ့ အောက်မြင်မယ်လို့
မျှော်လင့်ရတာ ဘဲ. . .'

ကိုငွေးအောင်ကား နောင် ကြီးပွားရေးတွေကို
အမျှင်တန်းကြီးပြောဆိုပြီးနောက် နှုတ်ဆက် ထွက်ခွာသွားလေ၏။

နောက်တနေ့ကား စနေနေ့ဖြစ်ရာ ခင်ဆွေတင့်မှာ
တနေ့လုံးအားလပ်နေ၏။ မင်းသားအိမ် ထဲသို့ဝင်ရန် အကြံအမျိုးမျိုးထုတ်နေ၏။
သို့ရာတွင် ထိုနေ့ကျမှ မင်းသားသည် ဝတ်ကောင်းစားလှ လဲလှယ်ကာ
ကားတစင်းနှင့် ထွက်ခွာသွားရာ ကိုငွေးအောင်ထံသို့ ဖုန်းဆက်ပြောကြားပြီးနောက်
တနေ့လုံး ချောင်း၍ နေ၏။ ညနေ ၃ နာရီကျမှ ပြန်လာသည်ကို တွေ့ရလေ၏။

ခင်ဆွေတင့်၏ အကြံကား ဖြူဖြူမွေးစုတ်ဖွားနှင့်
ပုတိုက်တိုက်ဘော်ဘီကလေးကို သတိရ လေ၏။ ဘော်ဘီနှင့် မင်းသားခြံရှေ့သို့

လမ်းရှောက်ဟန်ရေးပြပြီးနောက် ဆက်လက်ကြံစည်မည် ဟု စိတ်ကူးကာ အဝတ်အစားလဲလှယ်လေ၏။

ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် တိုးဘရက်ကိုးလုံခည်အပြာရောင်ကို အတွင်းက ပိတ်လုံချည် ခံလျက် ဝတ်လေ၏။ အပေါ်ပိုင်းရင်သား ၄ ပုံ ၁ ပုံခန့်ပေါ်သော ဘော်လီအကျႌကို ခပ်လျော့လျော့ ထပ်ဝတ်၍ မှန်သားကဲ့သို့ ပဒုမ္မာအကျႌကို အပေါ်ကထပ်၍ ဝတ်လိုက်၏။ ခေါင်းလျှော်ပြီး သွေ့ ခြောက်စဆံပင်များကို ဒူးခေါက်ကွေးအထိ ဖါးလျားချလျက် ပန်းနုရောင်နှင်းဆီပွင့်ကလေးကို ပန် လိုက်၏။ မျက်နှာကို သနပ်ခါးရေကြဲလိမ်းရာတွင် ပေါင်ဒါထပ်ပွတ်ကာ မိမိကိုယ်ကို ဘယ်ပြန်ညာ ပြန် စောင်းငဲ့ကြည့်ရှုပြီးနောက် အိမ်အောက်သို့ ဆင်းခဲ့လေ၏။

မကြာမီ ဆံပင်ဖါးလားချထားသော မိန်းမချောကလေးတယောက်သည် ခွေးဖြူမွေးစုတ်ဖွား ပုလေးတကောင်နှင့် ခြံကြီးနှစ်ခြံရှေ့တွင် လမ်းသလားနေလေ၏။ ကတ္တရာစေးလမ်းမကြီးပေါ်၌ ပြေးလွှားနေကြသော မော်တော်ဘတ်(စ်)ကားနှင့် ပရိုက်ဗိတ်ကားများပေါ်မှ ယောကျ်ားတို့ကား အာရုံစူးစိုက်လည်ပြန်အောင်ကြည့်ရှုရင်း လွန်၍ သွားကြလေ၏။ မိန်းမပျိုကား လမ်းကို ဂရုမစိုက်၊ ခြံတွင်းကိုသာ ဂရုစိုက်နေရာ နာရီဝက်ခန့် လမ်းသလားသော်လည်း မင်းသားကို မမြင်ရသေး။ ၄ နာရီခွဲကျမှ ခြင်းလုံးတလုံးနှင့် အောက်ဆင်းလာသည်ကို မြင်ရလေ၏။

ခင်ဆွေတင့်သည် သကြားလုံးတလုံးကို ဘော်ဘီအား ကျွေးပြီးနောက် ကျန်တလုံးကို ခြံကွယ်မှ မင်းသား၏ ခြံထဲသို့ ပစ်လိုက်လေ၏။ ဘော်ဘီကလေးကားသကြားလုံးသွားရာ ခြံထဲ အပြေးဝင်သွားကာ ဟိုဟိုဒီဒီ လူးလာခပ်မျှ ရှာဖွေနေရာ ခင်ဆွေတင့်သည် သူ၏ ခွေးပျောက်သကဲ့ သို့ အပေါက်မှ အသံခပ်ကျယ်ကျယ်ဖြင့် 'ဘော်ဘီ. . . ဘော်ဘီ. . .' ဟု ခေါ်လေ၏။ ဘော်ဘီကား အမြီးနံ့ပြီးနောက် ရှာမြဲရှာ၍ နေရာ ခင်ဆွေတင့်သည် 'တယ်ခက်တဲ့ကောင်. . .' ဟု

ခပ်ကျယ်ကျယ် ညည်းလိုက်ရင်း အရဲစွန့်ကာ ခြံပေါက်သို့ ခြေတလှမ်းလှမ်းလိုက်စဉ် မျက်လုံးပြူး၍ သွားလေ၏ ။

မင်းသား၏ ဝင်းခြံတံခါးပေါက် လက်ျာဘက် အုတ်တိုင်တွင် သင်္ဘောဆေးအဖြူဖြင့် ပျဉ်း ပြားအနက်ပေါ်၌ (No Dot Admitted) 'ခွေးများမဝင်ရ' ဟု ဆွဲကပ်ထားသည်ကို တွေ့ရသော ကြောင့်တည်း။ သို့ရာတွင် ချက်ခြင်းပင် အကြံတခုရကာ ဘော်ဘီအား အပြေးကလေးပွေ့ယူလိုက် ကာ ကုလားထိုင်တခုတွင် ထိုင်နေသော မင်းသားရှိရာသို့ သွားပြန်လေ၏ ။

'သည်းခံပါ အကိုကြီးရှင့်. . . ခွေးမဝင်ရလို့ စာဆွဲထားတာလဲ သတိမထားမိပါ၊ ဒီအကောင် ဘာစိတ်ကူးရမှန်းမသိ အမှတ်တမဲ့ဝင်သွားလို့ပါ၊ နောက်ကို မဝင်စေရပါဘူးရှင့်. . .'

ခင်ဆွေတင့်သည် ပြုံးချိုသော အမူအရာဖြင့် မင်းသား၏ မျက်နှာကို လ္ကန္ဓေလည်းမပျက် စေဘဲ မခို့တရို့ကြည့်ကာ တောင်းပန်နေလေရာ မင်းသားသည် ခင်ဆွေတင့်အား စားမတတ် ဝါးမျို မတတ် မျက်လုံးပြူးကြည့်ရှုနေသဖြင့် ခင်ဆွေတင့်မှာ ရင်ကလေးများတုန်ကာ ထွက်ပြေးချင်စိတ် ပေါက်လာလေ၏ ။ သို့ရာတွင် မင်းသား၏ အကြည့်မှာ စိတ်ဆိုး၍ ကြည့်သောအကြည့်မျိုးမဟုတ်။ တခါမှ မမြင်ဘူးသော မိန်းမချောတယောက်ကို ချစ်အာရုံစိတ်နှင့် ကြည့်သကဲ့သို့ဖြစ်ရာ ခင်ဆွေ တင့်မှာ မင်းသား၏ မျက်လုံးအရှိန်ကို မခံနိုင်သဖြင့် ခေါင်းအနည်းငယ်ငုံ့လိုက်လေ၏ ။

'ကျွန်မတကယ်မသိလို့ပါ၊ စိတ်မဆိုးပါနဲ့နော် အစ်ကိုကြီး'

ခင်ဆွေတင့်ကား တဘက်က မခုတ်တုံးကြီးလုပ်နေသဖြင့် ထပ်၍ ညူလိုက်ခြင်းဖြစ်ရာ မျက်လုံးများမှာလည်း ကာကီဘောင်းဘီတိုအညိုရောင် ရှပ်စွပ်ကျယ်နှင့် ကားတက်သောရင်လုံး၊ ကြည်လင်သောမျက်လုံး၊ ဖြောင့်စင်းသောနှာတန်နှင့် တကယ်ချောသောယောက်ျားတယောက် ဖြစ်သည်ကို

သေချာစွာအကဲခပ်ကြည့်ရှုနေမိလေ၏။

‘အော်. . . ဟိုအပေါက်က နိုးဒေ့ါ(ခ်)(စ်)အ(ဒ်)မစ်တက်ဆိုတာ တွေ့ခဲ့လို့လား. . .’

‘ဟုတ်တယ် အစ်ကိုကြီးရဲ့. . . ကျွန်မ သိပ်ပီး အားနာတာဘဲ. . .’

‘အဲ. . . ဒီစာက ဘာအဓိပ္ပာယ်ရလို့လဲ သူငယ်မရဲ့. . .’

ခင်ဆွေတင့်ကား မိမိအား မည်သူကမျှ ကလေးသဖွယ်သဘောထားကာ သူငယ်မဟု မခေါ် ဘူးသဖြင့် ဖြိုးကနဲဒေါပွသွားလေ၏။ သို့ရာတွင် မိမိ အကြံအစည်ကြောင့် အမူမပျက်စေဘဲ မပြုံးတပြုံးဖြင့်. . .

‘အဓိပ္ပာယ်အရှင်းသားဘဲ၊ ခွေးများမဝင်ရပါဆိုထားတာဘဲ. . .’

‘ဟုတ်ပါဘီ. . . ခွေးဆိုတာ ဘယ်လိုသတ္တဝါကို ခေါ်တာလဲကွဲ့. . .’

ခင်ဆွေတင့်ကား လူကြည့်တော့ အ-ပိတုံးစကား ကပ်သီးကပ်တတ်ပြောလှသည်ဟု မိန်းမ တို့သဘာဝအတိုင်း ဆောင့်ကြီးအောင့်ကြီးလုပ်ချင်သော်လည်း မိမိတာဝန်မှာ ဤသို့ပြုမူရန် မဟုတ်သဖြင့် ဆရာ၏ ရှေ့တွင် ရိုးသားစွာအစစ်ခံနေသော တပည့်မလေးကဲ့သို့ ပွေ့ထားသောဘော်ဘီ၏ ကိုယ်ကလေးကို ဘယ်လက်ဖြင့် ပုတ်ကာပုတ်ကာ ‘ခွေးဆိုတာ ဒီလိုအကောင်မျိုးကို ခေါ်တာရှင့်. . . တကတဲ ကလေးကျနေတာဘဲ. . .’

ခင်ဆွေတင့်သည် မည်မျှပင် ချုပ်တည်းသော်လည်း မိန်းမသဘာဝကို မလွန်ဆန်နိုင်သဖြင့် ခပ်ငေါ့ငေါ့ခပ်ဆတ်ဆတ်ပြောလိုက်မိလေ၏။ ဘော်ဘီကလေးကလည်း ခင်ဆွေတင့်၏ စကားကို ထောက်ခံသည့်အလား မင်းသား၏ မျက်နှာကို ကြည့်ခါတဝုတ်ဝုတ်နှင့် ဟောင်လိုက်၏။

‘အဘော်နှစ်ယောကကတော့ တယ်ပီး အချီအချညီတာဘဲ ဟား. . . ဟား. . .’

မင်းသားသည် အသံထွက်ရယ်လိုက်လေ၏။ ဤမျက်နှာထားနှင့် ဤသို့ကျယ်လောင်စွာ ရယ်လိမ့်မည်မထင်သော ခင်ဆွေတင့်မှာ အံ့အားသင့်သွားလေ၏။ အံ့အားသင့်ရာမှ မိမိအားလည်း ခွေးဆိုလိုက်သဖြင့် 'ဘဲ့နှယ်လူကြီးမှန်းမသိဘူး၊ တောင်းပန်ပြီးဘီး သွားမယ်ရှင့်. . .'

ခင်ဆွေတင့်မှာ ချာကနဲလှည့်ကာ ခြေလှမ်းပြင်လေ၏။ မင်းသားသည် နောက်ကျော ကနေ၍ ခန့်ငြားတည်ကြည်သော အသံဖြင့်. . .

'ဟေ့ သူငယ်မရဲ့ နေပါအုံး၊ ဒီဘက်လှည့်ပါအုံး'

ဟု ပြောလိုက်ရာ ခင်ဆွေတင့်မှာ မူလကပင် မူတူတူလုပ်နေသည်ဖြစ်သဖြင့် ချစ်စဖွယ် သော မျက်စောင်းကလေးထိုး နှုတ်ခမ်းကလေးစူသယောင်လုပ်ပြီး မျက်နှာချင်းဆိုင်ရပ်လိုက် လေ၏။ ထိုအချိန်အထိ အဘိုးကြီးနှင့် ကုလားများသည် အနားသို့လည်းမလာ၊ အကဲခပ် တစိ တစောင်းကြည့်ရှုခြင်းလည်း မရှိကြချေ။

'မင်းက ဘဲ့နှယ်လူကြီးမှန်းမသိဘူးလို့ ကျုပ်ကို ပြောလို့ ရှင်းရအုံးမယ်၊ ကျုပ်ဟာ သူ့လို ကိုယ့်လိုလူဘဲ၊ စိတ်ထားတခုဘဲ သူများနဲ့မတူနတာ. . .'

'ဒါပြောတာမဟုတ်ပါဘူး. . . ရှင် ကျမကို ခွေးဆိုတာ စိတ်ဆိုးလို့. . .'

'အော်. . . ခွေးဆိုတာ စိတ်ဆိုးတယ်ဟုတ်စ. . . မဆိုရသေးပါလား၊ အဖေါ်လို့ဆိုတာပါ၊ အဖေါ်ဆိုတာ လူလူချင်းမှ ခေါ်နိုင်တာမဟုတ်ဘူး၊ တိရစ္ဆာန်နဲ့လဲ အဖေါ်လို့ ခေါ်နိုင်တာဘဲ၊ ဒါပေမဲ့ သူဟာ လူပါဘဲကွဲ့. . . ခွေးမဖြစ်ပါဘူး. . . အသွင်အပြင်ကို ပြောတာနော်. . . ကျုပ်က လူတယောက်ကို ခွေးလို့ ခေါ်ရင် အတော်စဉ်းစားပြီးမှ ခေါ်တာ'

ခင်ဆွေတင့်ကား ပြောရင်းပြောရင်း၊ ကြောက်ချင်သလို ရွံ့ချင်သလို ဖြစ်လာလေ၏။ မင်းသားကား စကားဆက်လျက်. . .

'ကျုပ်အိမ် ခွေးမဝင်ရဘူးဆိုတာက ခွေးအစစ်ကိုပြောတာ မဟုတ်ဘူး၊ ခွေးလိုလူတွေကို ပြောတာ နားလယ်ရဲ့လား၊ ခုလောကကြီးမှာ ခွေးကလူ-လူကခွေးဖြစ်နေတာတွေ မင်းသိရဲ့လား'

'ရှင်ဘဲ ကြံကြံဖန်ဖန်ပြောတတ်လှတယ်. . .၊ လူက အမြီးပေါက်တာ မြင်ဘူးသလား. . .'

'မင်းအသက် ဘဲ့လောက်ရှိမလဲ. . .'

'၁၈ နှစ်. . .'

'ဒါ့ကြောင့် လူမှုရေး ပေါင်းသင်းဆက်ဆံပုံကို နားမလယ်သေးတာဘဲ၊ အသက် ငယ်ငယ် လေးရှိသေးတာကိုး. . .'

'ရှင်က အသက်ဘဲ့လောက်များကြီးလို့လဲရှင်. . . မိန့်တော်မူပါအုံး. . .'

'၂၇ နှစ်ရှိဘီ. . . ကမ္ဘာလဲနဲ့ခဲ့ပြီကွဲ့၊ ခုနက စကားကို ရှင်းပြအုံးမယ်၊ ခွေးဟာ စရိယနှစ် ဆယ်ထဲပါတယ်၊ လုံ့လဝိရိယရှိတယ်၊ ထမင်းရှင် ဟင်းရှင်ကို သိတတ်တယ်၊ အအိပ်အနေ ဆပ် တယ်၊ ကျေးဇူးရှင်ကို မပြစ်မှားတတ်ဘူး၊ ဒီခွေးကလေး မင်းကို ကိုက်ဖူးသလား. . .'

'ဟင့်အင်း. . . မကိုက်ဖူးဘူး၊ ကျွန်မခွေးကို ကိုက်ပ့ါမလား'

'အင်း. . . လူတွေကျတော့ ဒီလိုမဟုတ်ဘူး၊ သူများ ဘယ်လိုနေနေ ကိုယ်ကျိုးရှာတတ် တယ်၊ ကျေးဇူးရှင်ကို ကျေးစွပ်တတ်တယ်၊ ပျင်းတယ်၊ ကျေးဇူးတရားကို မသိတတ်ဘူး၊ ဒါကြောင့် ခွေးကလူ-လူကခွေးတွေ ဖြစ်နေဘီလို့ ပြောတာ၊ အနောက်နိုင်ငံ ပညာရှိကြီးတယောက်က 'ဒီလူ တွေမြင်ရလေ. . . ကျုပ်ခွေးကြီးကို သတိရလေ' လို့ ညည်းဘူးတဲ့အကြောင်း ကြားဘူးရဲ့လား. . .'

ခင်ဆွေတင့်မှာ မင်းသား၏ လေးနက်သော စကားများကို တွေဝေစွာစဉ်းစားနေ၏ ။ မင်းသား၏ ယောက်ျားပီသသော ရုပ်အသံဩဇာနှင့်

ပြည့်စုံခြင်း၊ နဖူးကျယ်-နှားရှက်ကားတို့ကိုပါ အကဲခပ်ရင်း စိတ်ညစ်သလိုဖြစ်၍ လာရာ ကိုဌေးအောင်ကို သတိရလာသဖြင့် မိမိစိတ်ကို အတင်း နှိပ်ကွပ်လိုက်ကာ မပြုံးတပြုံးအမူအရာဖြင့်. . .

‘ရှင်ပြောစရာ စကားကုန်ပလား. . . ပြန်တော့မယ်ရှင်. . .’

‘အော်. . . နေအုံး. . . နေအုံး. . . မင်း ဟိုဘက်ခြံထဲက သူငယ်မလေးမဟုတ်လား၊ ကျောင်းနေတုန်းထင်တယ်၊ ကျောင်းသွားတာလဲ မြင်ရတယ်. . .’

‘ဒါဖြင့် ရှင်. . . ကျမတို့ခြံကို အကဲခပ်ကြည့်နေတာပေါ့ဟုတ်လား. . .’

‘အို. . . ကြည့်ရတာ ပေါ့ကွဲ့. . . ခြံချင်းနီးပီး လူလား ခွေးလားဆိုတာ မသိရင်ဘယ်ဖြစ်မလဲ မင့်အဘေကြီးကတော့ လူနဲ့တူပါတယ်’

ခင်ဆွေတင့်မှာ ရန်တွေ့မှာစိတ်ဆိုးရအခက် ငြိမ်ပီးခံနေရအခက်ဖြစ်၍ နေလေ၏။ မိမိတို့ အား ဂရုမစိုက်ဘူးဟု ထင်ခဲ့သော မင်းသားသည် မိမိတို့အကြောင်း မည်မျှစုံစမ်းခဲ့သည်ကို နားလည်သည်နှင့်တပြိုင်နက် များစွာအံ့အားသင့်၍ သွားလေ၏။ မင်းသားကား အကဲခပ်သလို ကြည့်ရင်း. . .

‘ပီးတော့ မင်းတို့ပန်းခြံထဲ မင်းနဲ့ တွဲတွဲပီး ထွက်တဲ့အကောင်တကောင်ရှိသေးတယ်၊ ဒီအကောင်ဟာ ကျုပ်ကြည့်လို့မရဘူး၊ ပုလိပ်လိုလို စုံထောက်လိုလို သူခိုးမျက်စိရိုးသားပုံမရဘူး. . မင်းရည်းစားလား. . .’

ခင်ဆွေတင့်ကား ဤမျှပွင့်ပွင့်လင်းလင်း စကားပြောသူကို တခါမျှ မတွေ့ဘူးချေ။ မိမိသည် အကြံအစည်နှင့်လာသူမဟုတ်က ကက်ကက်လန်အောင် ရန်တွေ့မိမည်ဖြစ်သော်လည်း ယခုမူ မိမိ အကြံကြောင့် မျိုသိပ်ထားလိုက်ကာ ဣန္ဒြေမပျက်စေဘဲ. . .

‘ရည်းစားမဟုတ်ဘူး မောင်တဝမ်းကွဲ၊ ဒီလို အလယ်လာတာဘဲ၊

ပုလိပ်လဲမဟုတ်ဘူး၊ စုံထောက်လဲမဟုတ်ဘူး၊ ရန်ကုန်မှာ ပွဲစားလုပ်နေတာရှင့်၊ ရှင်. . . ဘဲ့နှယ် စွပ်စွဲတာလဲ. . .'

'စွပ်စွဲတာမဟုတ်ဘူး. . . ထင်လို့ မေးတာကွဲ့၊ စိတ်ဆိုးစရာ မဟုတ်ပါဘူး. . .'

ခင်ဆွေတင့်ကား လိမ်ပြောမိသော်လည်း မင်းသားသည် မိမိ၏ စိတ်ကို အဖုံးအကွယ်မရှိ ဟာလာဟင်းလင်းသဘွယ်မြင်သွားပြီဟု မှတ်ထင်မိလေ၏။ တိမတ်ရိုးဖြောင့်သူနှင့် လိမ်လည်တတ် သူတို့သည် စကားကြာရှည်ပြောသောအခါ လိမ်လည်သူက အခြေပျက်တတ်သည့်အတိုင်း ခင်ဆွေ တင့်၏ မျက်နှာအမူအရာမှာ မသိမသာပျက်၍ သွားလေ၏။

'တနေ့က မင်းက ဒီခြံဘက်လှည့်ပြီး မတ်တတ်ရပ်နေတယ်၊ သူက မင်းနောက်က ခြေသံ မကြားအောင် လိုက်လာတယ်၊ ပြီးတော့သူက မင်းပုခုံးကိုကိုင်လိုက်တော့ မင်းက သူ့လက်ကို ပုတ်ချပြီး စကားများကြသေးတယ်မဟုတ်လား'

'မဟုတ်ပါဘူး ရှင်အထင်လွဲလို့ပါ. . . မောင်နှမပါဆိုနေမှ'

'ကျုပ်မျက်စိဟာ အလွန်မှားခဲတယ်၊ ခုလိုမေးနေတာ ရိုင်းတယ်လို့ မအောက်မေ့နဲ့၊ မင်းက ဒီခြံထဲဝင်လာတော့ ဟိုအကောင်က မင်းရည်းစားအမှန်ဖြစ်နေရင် သူခံချင်မှာ မဟုတ်လို့ မေးမိ တာ'

'ကိုင်း ရှင့်စကားနဲ့ ရှင်မှတ်ထား သူဟာ ကျွန်မရည်းစားဆိုရင် ရှင့်ခြံထဲလာတာ မနာလိုဘဲ ရှိလိမ့်မယ်တဲ့ ဟုတ်လား၊ ဒီတော့ သူ့ကို ဟိုခြံထဲထားခဲ့ပြီး ရှင့်ခြံထဲ ကျွန်မလာနေမယ်၊ ဒီတော့ သူ့မျက်နှာ ဘယ်လိုလဲ အကဲခတ်ကြည့် ရှင်သိမယ်'

'ဒီလိုထိအောင်လဲ စမ်းသပ်လိုတဲ့ စိတ်မရှိပါဘူး ဒါပေမဲ့ စမ်းချင်တယ်'

‘အို ခက်တဲ့လူကြီးဘဲ’

ခင်ဆွေတင့်သည် မျက်စောင်းတခါထိုးလိုက်ပြန်၏ ။ မင်းသားကား အိန္ဒြေမပျက်ချေ။ ကလေးငယ်တယောက်ကို ရယ်စရာပြောသကဲ့သို့ ဖြေးဖြေးဆေးဆေး ပြောဆိုနေလေ၏ ။

‘ကိုင်း ခြင်းခပ်အုံးမယ် ပြန်ချင်ရင်ပြန် မပြန်ချင်ရင် ပန်းပင်တွေကြည့်နေ. . . ဒါပေမဲ့ မတောင်းရမ်းဘဲ ပန်းတပွင့်မခူးရဘူး’

‘ရှင် ကျွန်မကို သူခိုးမှတ်နေလား. . . ကျွန်မတို့အိမ်လဲ ပန်းပင်တွေ ရှိကြတာပါဘဲ. . .၊ ရှင့်ဆီက ဘယ်လောက်များထူးလို့လဲ. . .’

‘ထူးတယ် မထူးဘူးဆိုတာ ကြည့်ရင်သိမှာပေါ့ ကြည့်လေ’

ခင်ဆွေတင့်မှာ ဘောက်တိုက်၍ မပြောလိုချေ။ မိန်းကလေးတို့ သဘာဝအတိုင်း ပန်းကြိုက် တတ်သဖြင့် ဘော်ဘီကိုအောက်ချလိုက်ကာ ပန်းခြံရှိရာသို့ သွားမည်အလုပ်. . .

‘ဟော့ သူငယ်မ ခွေးကိုလွှတ်မထားနဲ့. . . သစ်ပင်တပင်ကို ကိုက်ရင် မင်းခွေးတော့ ဒုက္ခ အရောက်ဘဲ သိရဲ့လား’

‘ဦးကျော်ခေါင်ဘာလုပ်နေသလဲ ခြင်းခပ်ရအောင်လေ’

ဟု ခင်ဆွေတင့်အား စကားပြန်မပြောဘဲ အဘိုးကြီးအား ခေါ်လိုက်ရာ ခင်ဆွေတင့်မှာ စောင်းငန်းစောင်းငန်းနှင့် ခြံထဲက ထွက်ခွာသွားလေ၏ ။

# မိန်းမ မာယာ လမ်းရှောက်ခါ

ခင်ဆွေတင့်သည် မိမိအိမ်ဝင်းထဲသို့ ရောက်သည်နှင့် တပြိုင်နက် မင်းသားနှင့်တွေ့ပုံ၊ စကားပြောပုံဆိုပုံများကို ရယ်ကာမောကာနှင့် ပြန်လှန်ပြောဆို၍ နေလေ၏။ ထို့နောက် လူကြီးများ ဆီမှ ထလာခဲ့ကာ တယ်လီဖုန်းအနားသို့ကပ်၍ ကိုဌေးအောင်ထံ အဆက်ခိုင်းလေ၏။

'ဟလို. . . ဟလို. . . ဒါ ဘယ်သူလဲ. . . ကိုကိုဌေးလား. . . ဟုတ်တယ် ခင်လေ. . . ဒီမယ် ကိုကိုဌေး. . . စောစောက မင်းသားနဲ့တွေ့တယ် လူကတော့လူထူးဘဲ ခိ. . . ခိ. . . ခိ. . . ထူးပါ တယ်ဆိုတာ ဘယ်လိုပြောရမလဲ၊ အော်. . . ဟုတ်လား၊ ခင် အထဲအရောက်ရသေးဘူး၊ ဘော်ဘီက အောင်သွယ်ပေါ့. . . မိတ်ဆွေ မဖြစ်တဖြစ်ဘဲ. . . ပီးတော့ သူက မေးတယ်၊ စုံထောက်လိုလို ဘာလိုလို လူတယောက်မြင်သတဲ့. . . ခင်က မဟုတ်ဘူး၊ ကုန်သည်ပိုင်းကလို့ ပြောလိုက်တယ်၊ ဒီတော့ မင်းနဲ့ ဘာတော်သလဲတဲ့၊ အို. . . နောက်မနေစမ်းပါနဲ့၊ ပြောတာ နား ထောင်ပါအုံး၊ အင်း. . . အဲသလိုပြောလိုက်တာဘဲ၊ မောင်နှမဂမ်းကွဲတော်တယ်လို့၊ ဒီတော့ သူက မေးတယ်၊ ဒါဖြင့် ပခုံးဘာလို့ကိုင်သလဲတဲ့၊ အို. . . မဟုတ်ပါဘူးလို့ ပြောင်ငြင်းရတယ်၊ နောက်တခါ မင့်လူလာရင် သူ့ရှေ့မှာ ပလူးနလူးလုပ်ရမယ်တဲ့၊ မင့်လူက စိတ်မဆိုးရင်တော့ ဟုတ်မှာဘဲတဲ့၊ ဒီမယ် ကိုကိုဌေး မနက် ၈ နာရီလောက်လာခဲ့နော်. . . ခင်တော့ သူ့အရိပ်အဆင်ကြည့်ပြီး ၇ နာရီ လောက် သွားတန်သွားရမယ်၊ ဟင့်အင်း. . . မစားရသေးဘူး၊ ခုဘဲ စားရတော့မယ်၊ မလာပါနဲ့ ဆရာကြီး၊ နက်ဖြန်လာရင် တော်ရောပေါ့. . .'

ခင်ဆွေတင့်သည် တယ်လီဖုန်းကို ချောက်ကနဲမြည်အောင်ချထားပြီးလျှင် အသင့်ပြင်ထား သော စားပွဲတွင် မိဘများနှင့် ထမင်းအတူစားသောက်နေလေ၏။

နောက်တနေ့ နံနက်စောစော ၅ နာရီ၌ ကား ခင်ဆွေတင့်မှာ လှံ့လဗီရိယလွန်လျက် အိပ်ရာမှ နိုး၍ နေ၏။ မိမိအိမ်အပေါ်ထပ် ဆင်ဝင်ခန်း ပြတင်းပေါက်မှ မြောက်ဘက်အိမ်သို့ လှမ်း ကြည့်နေရာ ရောင်ကြီးဗွေမင်းသားသည် ဘုရားဝင်ရှေ့တွင် ဘုရားဝတ်ပြုနေဟန်တူ၏။ သဗ္ဗေ သတ္တာ. . . သဗ္ဗေပါဏာ. . . စသော မေတ္တာပို့အသံဝါအောကြီးသည် ခင်ဆွေတင့်၏ နားထဲသို့ တိုးဝင်လာလေ၏ ။

ခင်ဆွေတင့်အိမ်မှ အစေခံများသည် ၅ နာရီခန့်တွင် နိုးကြရာ ခင်ဆွေတင့်သည် မိမိအဘို့ ကော်ဖီစောစောဖျော်ပေးရန် အမိန့်ပေးပြီးနောက် အဝတ်အစားလဲ၍ နေလေ၏။ ခဏကြာလျှင် အပြာရင့်ရုပ်လက်တို ဖလန်နယ်လုံချည်ကွက်ကြဲ ခြေသလုံးတဝက်ခန့်ပေါ်အောင် ဝတ်လျက် ရွက် ဖျက်ဘိနပ် သရေခွါခံကို ဝတ်ဆင်ပြီးသားဖြစ်လေ၏။ ခင်ဆွေတင့်ကား မင်းသား၏ အရိပ်အခြေကို ကြည့်ရှုနေရာ မင်းသားမှာ ၆ နာရီမတ်တင်းတွင် ကာကီဘောင်းဘီ၊ ကာကီရုပ်လက်တို၊ ဖော့ဦးထုပ် ကြီးဖြင့် ဒုတ်ကောက်တချောင်းကို ကိုင်လျက် ထွက်ခွါသွားသည်ကို မြင်လိုက်ရလေ၏။

မင်းသားမှာ နေ့စဉ် ၇ နာရီခန့်အချိန်တွင် ပြန်လာလေ့ရှိရာ ပဒ္ဓမ ပြည်လမ်းတလျှောက် တောင်ဘက်သို့ ထွက်ခွါသွားပြီးနောက် မြောက်ဘက်ကလှည့်၍ ပြန်လာတတ်၏။ ခင်ဆွေတင့်မှာ မိမိ၏ အလုပ်ကို စဉ်းစားလေ၏။ မင်းသားအိမ်သို့ တမင်သွားလျှင်ကား မတင့်တယ်သေး။ မိမိကိုယ် တိုင် မင်းသားကဲ့သို့ လမ်းလျှောက်တတ်သူတဦးအနေနှင့် ကံအားလျော်စွာ အပြန်ချင်း တွေ့ဆုံ သလိုလုပ်မည်ဟု စိတ်ကူးထားလေ၏။ မိဘများအိပ်ရာက နိုးသောအခါ မိမိအကြံအစည်ကို ပြောပြ ခဲ့ပြီးလျှင် ၆ နာရီခွဲအချိန်၌ ဘော်ဘီကလေးကို အဖော်ပြုလျက် ပြည်လမ်းတလျှောက် မြောက် ဘက်ဆီသို့ ထွက်ခဲ့လေ၏။

ဘော်ဘီကလေးကား သူ၏ သခင်မနောက်က လိုသည့်အခါ လိုက်၍

ရှေ့ပြေးသည့်အခါ ပြေး၏။ ခင်ဆွေတင့်မှာ မင်းသားအိမ်နှင့်ပင် မြောက်ဘက်သို့ ၂ ဖာလုံခန့်အကွာတွင် ရောက်ရှိနေ ကြောင်း သိသောအခါ အကယ်၍ မျက်နှာချင်းဆိုင်ဆုံတွေ့နေလျှင် သူနှင့်ပြန်လိုက်ရမကောင်းဟု လမ်းချိုးတခုသို့ချိုးဝင်လိုက်လေ၏။ ထိုအနောက်ဘက်လမ်းချိုးထဲမှ မင်းသားပြန်လာမည်ကို စောင့် လင့်နေ၏။ လက်ပတ်နာရီကို ကြည့်လိုက်သောအခါ ၇ နာရီထိုးရန် ၁၀ မိနစ်သာလိုတော့၏။ ခင်ဆွေတင့်မှာ လည်တံရှည်လျက် မျှော်လင့်နေရာမှ ဂေါရာခြေလှမ်းသို့ လှမ်းလာဆေသာ မင်းသားကို တဖါလုံအကွာလောက်တွင်မြင်ရရာ ဟန်လုပ်၍ အနောက်ဘက်သို့ လမ်းလျှောက် လိုက်သေး၏။ အနောက်မှတဖန် မိမိအတွက် မင်းသားနှင့် ဆုံတွေ့ချိန်နှင့်ရောက်အောင် အရှေ့သို့ ပြန်ရောက်လာလေ၏။

ခင်ဆွေတင့်သည် လမ်းထိပ်သို့ရောက်သောအခါ မင်းသားမြောက်ဘက်တွင် ဝါးတရိုက် အကွာခန့်တွင်ရှိနေသေး၏။ ခင်ဆွေတင့်သည် ဖြူဖွေးသော သွားကလေးများပေါ်အောင် ပြုံးရွှင် လျက် နီးကပ်လာသော မင်းသားအား. . .

'အော်. . . အစ်ကိုကြီး ပြန်လာဘီလား. . .'

'ဟုတ်ကဲ့ ပြန်လာဘီ၊ ကလေးမလဲ လမ်းရှောက်ဝါသနာပါသလား. . .'

ခင်ဆွေတင့်သည် မနေ့ကလည်း ကလေးမ၊ ယနေ့လည်း ကလေးမခေါ်ပြန်သဖြင့်၊ အတော် အောင့်၍ သွားလေ၏။ သို့ရာတွင် သည်းခံလျက် အခြေမပျက်စေဘဲ. . .

'လမ်းလျှောက် ဝါသနာပါတာပေ့ါ အကိုကြီးရဲ့. . .'

'အေး. . . လမ်းရှောက်ဝါသနာပါရင် လမ်းမကြီး လူမပြတ်တဲ့ဆီ ရောက်ပါလား၊ ဘာလို့ အကျိုအကြားဝင်ပီး ရှောက်ရတာ လဲ၊ လူဆွဲသွားမှာ မကြောက်ဘူးလား. . .'

မင်းသားသည် ဘွင်းဘွင်းကြီးပြောလိုက်ရာ လူထူးတယောက်နှင့်တွေ့နေရသော ခင်ဆွေတင့်မှာ ဒေါပွသွားလေ၏ ။ သို့ရာတွင် မင်းသား၏ စကားမှာ အမှန်ဖြစ်နေသဖြင့်၊ စိတ်ကို ချုပ်လျက်. . .

'မကြောက်ပါဘူး. . . လာစရင် ခြောက်လုံးပြူးနဲ့ပစ်မှာပေါ့. . .'

'မင်းမှာ ခြောက်လုံးပြူး အမြဲရှိသလား. . .'

မင်းသားသည် သဘောရိုးနှင့်ပင် မေးလိုက်၏ ။ ခင်ဆွေတင့်ကား အမိပွါယ်တမျိုးကောက် လျက် မင်းသား၏ မျက်နှာဆတ်ကနဲ မော့ကြည့်လိုက်၏ ။ မင်းသားကား အမှုမပျက်ချေ။ ထိုအခါ ကျမှ မိမိဘာသာရယ်ချင်လျက်. . .

'အမြဲရှိအောင်လုပ်ရင် ရှိနိုင်တာပေါ့'

ဟု ဖြေလိုက်လေ၏ ။ ထိုသို့စကားပြောရင်းပင် တောင်ဘက်သို့လမ်းရှောက်လာကြရာ၊ ခင်ဆွေတင့်မှာ မင်းသားအိမ်သို့ ဝင်ရောက်ရန် စကားကို စဉ်းစားနေဟန်တူ၏ ။ မနေ့ညက ပန်းပွင့် စကားစပ်မိသည်ကို သတိရမှ. . .

'အကိုကြီး ပန်းပင်ကလေးတွေ မကြည့်ရဘူးလား. . .'

'ပန်းပင်ကလေးတွေ မရှိဘူး ပန်းပင်ကြီးတွေ ရှိတယ်၊ ခွေးအတွက် တာဝန်ခံနိုင်ရင် လိုက် ကြည့်လေ. . .'

'ကျွန်မခွေးက လိမ်မာပါတယ်၊ လူတွေကသာ ခွေးလိမ်မာမယ်ဆိုရင် မင်းတယောက်ထဲ ဘယ်မှာဘဲ လမ်းရှောက်ရှောက် အနှောက်အယှက်တွေ့မှာ မဟုတ်ဘူးကွဲ့. . .'

နှစ်ဦးသားမှာ စကားတပြောပြောနှင့် လာခဲ့ကြရာ မင်းသားအိမ်ပေါက်ဂ၀သို့ရောက်လျှင် အတူတူဝင်ခဲ့ကြလေ၏ ။ ဆင်ဝင်အောက်သို့ရောက်ကြလျှင် မင်းသားက လည်ပြန်ကာ ခင်ဆွေတင့် အား

လှမ်းကြည့်ရင်း. . .

‘မင်း အစောကြီး လမ်းရှောက်တယ်ဆိုရင် ကော်ဖီမသောက်ရသေးဘူးပေါ့. . .’

ခင်ဆွေတင့်သည် အိမ်ကသောက်၍ လာသော်လည်း မင်းသား၏ အိမ်အောက်ထပ်သို့ ဝင် နိုင်သော အခွင့်အရေးရနိုင်သဖြင့် ကော်ဖီသောက်ဘိတ်လိမ့်မည်ထင်ကာ. . .

‘ဟုတ်ကဲ့ ကျွန်မ မသောက်ရသေးဘူး. . .’

‘ဒါဖြင့် မင်းအိမ်ပြန်သွားပြီး သောက်ခဲ့လေ၊ ပြီးမှ ပန်းပင်ကြည့်တာပေါ့. . .’

ခင်ဆွေတင့်မှာ အတော် ငွ-ကျတဲ့ မင်းသားဘဲဟု အောက်မေ့ကာ မော့ကြည့်ရင်း. . .

‘ကျွန်မ ဒီက ပန်းပင်ကြည့်ပြီးမှဘဲ ပြန်တော့မယ်. . . ကိစ္စမရှိပါဘူး. . .’

‘ဒါဖြင့် ဒီမှာထိုင်အုံးလေ. . . ကျုပ် ရေချိုး အဝတ်အစားလဲလိုက်အုံးမယ်’

ဟု ပြောဆိုကာ ဆင်ဝင်အောက် သမံတလင်းပေါ်မှာပင် ကြိမ်ကုလားထိုင်တလုံးကို လက်ညှိုးညွှန်ထိုင်စေလျက် မင်းသားမှာ အိမ်အောက်ထပ်သို့ ဝင်သွားလေ၏။ ခင်ဆွေတင့်ကား ကိုဌေးအောင်အတွက် စုံထောက်မလုပ်ရမည်ဖြစ်ရာ အစခပ်သိမ်း သည်းခံနိုင်မှ ဟန်ကျမည်ကို တွေးတောထားပြီး ဖြစ်သဖြင့်သာ အောင့်အင်းနေနိုင်တော့လေ၏။ ခဏကြာလျှင် ဘွိုင်ကုလားတယောက်သည် ငွေလင်ပန်းတခုတွင် အကောင်းစားကြေးပန်းကန်နှင့် ကော်ဖီ တခွက်လာပေးသဖြင့် အငွေ့တထောင်းထောင်းနှင့်နေသော ကော်ဖီကို မိမိရှေ့စားပွဲငယ်တခုပေါ် တွင် ချထားစေလေ၏။ ကော်ဖီအေးရန် စောင့်စားရင်း ကုလားထိုင် နောက်မှီပေါ်သို့ မေးတင်ကာ ခပ်ငေးငေးဖြစ်နေလေ၏။

၁၀ မိနစ်ခန့်ကြာသောအခါ မင်းသားထွက်၍ လာ၏ ။ ပန်းရောင် အချိတ်လုံကွင်း၊ မော်လမြိုင်ရှေ့ထိုးဘိနပ်၊ ပိုးရုပ်အဖြူ၊ ရွှေလက်ပတ်နာရီဝတ်ဆင်လာသဖြင့် ခင်ဆွေတင့်မှာ အသံထွက်မရယ်မိရန် မနည်းသတိထားရလေ၏ ။

'အို. . . အေးကုန်တော့မယ်၊ ကော်ဖီသောက်အုံး ကလေးမ'

ခင်ဆွေတင့်သည် ကော်ဖီပန်းကန်ကိုကိုင်ကာ သောက်နေရာ၊ ကော်ဖီမှာ သကြားနှင့် ဖျော်သော ကော်ဖီမဟုတ်၊ ကြံသကာနှင့်ဖျော်ထားသဖြင့် အရသာ တမျိုးဖြစ်၍ နေလေသည်။

'သကြားကမှ လူကို ဥပါဒ်ပေးသေးတယ်၊ ကြံသကာက လူကို ကျန်းမာစေတယ်၊ ပီးတော့ ကြံသကာက တိုင်းရင်းသားတွေရဲ့ လုပ်ငန်းကွဲ့. . .'

မင်းသားသည် ခင်ဆွေတင့်၏ အတွင်းစိတ်ကို ရိပ်မိသည့်အလား ရှင်းလင်းပြောကြားလိုက် ရာ ခင်ဆွေတင့်သည် ဖွတ်မိုတ်လျက်သောက်ပြီးနောက်. . .

'ကဲ. . . ကျွန်မတို့ ပန်းပင်ကြည့်မယ်. . . အစ်ကိုကြီးပြပေးမယ်မှတ်လား. . .'

'ကြည့်လေ. . . ပြပေးရတာ ပေ့ါ. . .'

ပြန်ပြောသဖြင့် အိမ်ရှေ့ပန်းခြံထဲသို့ ထွက်ခဲ့ကြပြန်လေ၏ ။ ခင်ဆွေတင့်ကား ပန်းပင်ကို များစွာကြည့်လို၍ မဟုတ်၊ မင်းသားနှင့် စကားစပ်မိစပ်ရာပြောဆိုခြင်းဖြင့် စားထဲက ဇာတိရနိုင်သည် ဟု အတူယှဉ်တွဲ ရှောက်ကြည့်နေခြင်း ဖြစ်လေ၏ ။ မင်းသားမှာကား ခင်ဆွေတင့်၏ အကြံကို မသိ သကဲ့သို့ ဒါက မေမြို့ပန်း၊ ဘာပန်းမျိုး၊ ဒီအပင်က ဩစတြေးလီးယားကအပင် စသည်ဖြင့် ပန်းမှီကာဖွင့်နေလေ၏ ။ ထိုသို့ ပန်းပင်အကြောင်းပြောပြရာက မင်းသားကာကြားဖေါက်ပြီးလျှင်. . .

'ဒါထက် မင့်နာမယ် ဘဲ့နှယ်ခေါ်သလဲ၊ မင်းမိဘကော သိရမယ် မဟုတ်လား. . .'

'ကျွန်မနာမယ်က ခင်ဆွေတင့်တဲ့၊ ကျွန်မအဘေက ဦးလှဘော်၊ အမေက ဒေါ်မြမြတင်၊ အဘေရဲ့အလုပ်က အတွင်းဝန်. . .'

'အော်. . . အော်. . . အတွင်းဝန်ရဲ့ သမီးကိုး၊ ဒါကြောင့် မင့်ကြည့်ရတာ ဒေါင့်မကျိုးတာဘဲ၊ အစ်ကိုကြီးဆိုလိုတာက ဟန်ကြီးပန်ကြီးလုပ်ချင်တဲ့ အမူအရာကလေးတွေ ရှိတယ်လို့ ပြောချင်တာ ဘဲ'

'အစ်ကိုကြီး ဘယ့်နှယ်ကြောင့် ဒီလိုပြောချင်ရတာ လဲ. . .'

'အော်. . . တနေ့က မာလီကုလားတောင်းပန်ရက်နဲ့ မကြေမချမ်းနိုင် မာန်မဲနေတာတွေ မြင်ရလို့ပါ၊ ကိုယ်ခိုင်းတဲ့အစေခံဖြစ်ပေမဲ့ ချေချေငံငံပြောမှပေါ့ကွဲ့'

'ကုလားက ပန်းရွှေ့ယူခဲ့ပါဆိုတာ ချက်ချင်းမလာလို့ အစ်ကိုကြီးရဲ့'

'အဲလေ. . . ဒါတွေက အသေးအဖွဲ့တွေပါ. . . မင့်ရုပ်ရေက ပြုပြင်ရင် မိန်းမကောင်း တယောက် ဖြစ်နိုင်သား'

ခင်ဆွေတင့်သည် ဆတ်ကနဲမော့ကြည့်လိုက်လေ၏ ။ ပြုပြင်ရင် မိန်းမကောင်းကလေး. . . မပြုပြင်သေးရင် မိန်းမကောင်း မဟုတ်သေးဘူး. . . ဟူသော အဓိပ္ပါယ်ကို စဉ်းစားကာ ဒေါမပွရန် စိတ်ကို အတင်းချုပ်တည်းလိုက်လေ၏ ။

'ဒီမယ်. . . မင့်နာမယ်ကို ခင်ဆွေတင့်လို့ခေါ်ရင်လဲ လေကုန်လှတယ်၊ ခင်လို့ခေါ်ရင်လဲ ကန့်ကရနိုင်လှယ်၊ ခင်ဆွေလို့ ခေါ်မယ်နော်. . .'

ခင်ဆွေတင့်သည် စေ့နေသော နှုတ်ခမ်းကို ပြုံးအောင်ပြုပြင်လိုက်ကာ. . .

'အစ်ကိုကြီးခေါ်ချင်သလို ခေါ်နိုင်ပါတယ်. . .'

ထိုကဲ့သို့ စကားပြောနေကြရင်းပင် ၈ နာရီအချိန်သို့ ရောက်လာလေ၏ ။ ကားတစင်းသည် ဟွန်းပေးလျက် ခပ်ဆွေတို့ဝင်းခြံထဲသို့ ဝင်သွားလေ၏ ။ ကားသည် ဆင်ဝင်အောက်တွင် ရပ်ထားပြီး သော် အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားသော လူရွယ်တယောက်သည် အိမ်ထဲသို့ ဝင်သွားလေ၏ ။ ချက်ခြင်းလိုပင် အပြစ်ငသို့ထွက်လာကာ ပန်းခြံထဲတွင် လမ်းရှောက်နေ၏ ။

‘ဟော. . . ဟော မင့်မောင်ဆိုတာ ရောက်နေဘီ. . .’

‘ဘယ်နှယ့် ‘ဆိုတာ’ လို့ ပြောရတာ လဲ. . .၊ မောင်တဂမ်းကွဲတော်ပါတယ်. . .’

‘မင်းကသာ မောင်လို့ပြောတာ၊ ငါက မင့် ‘အဆို’ လို့ မှတ်ရမှာပေ့ါ၊ ကဲ. . . ကဲ. . . မနေ့က မင့်ဂတိအတိုင်း ကနေ့ စမ်းကြည့်ရမယ်. . .’

‘ဘာလဲ. . . ဘယ်လိုစမ်းမှာလဲ၊ တော်တော်လဲထူးတဲ့ လူကြီးဘဲ. . .’

ခင်ဆွေတင့်သည် အတင့်ရဲလာကာ လွှတ်ကနဲ ပြောလိုက်မိလေ၏ ။ မင်းသားကား အပြုံး မပျက်ကြည့်ရှုရင်း. . .

‘မင့်ပခုံးကို အစ်ကိုကြီးက ကိုင်မယ်၊ ကိုင်မယ်ဆိုပေမဲ့ အဟုတ်မကိုင်ပါဘူး၊ မင်းအသား မထိစေရပါဘူး၊ နို့ပေမဲ့ သူကြည့်တဲ့အခါ မင့်ပခုံးကို အဟုတ်ကိုင်သလိုထင်သွားလိမ့်မယ်၊ ဒီတော့ သူ့အမူအရာကို သိရောပေ့ါ. . .’

‘နေပါအုံး မောင်ဖြစ်တဲ့လူမြင်ရင်ကော နှမတယောက်လုံး ဒီလိုအကိုင်ခံနေရတာ ဒေါမပွဘဲ ရှိပ့ါမလားရှင်. . .’

‘နားထောင် အကိုကြီးရှင်းပြမယ်၊ တကယ်လို့ မောင်တော်သူမြင်ရင် ဟော့ ခင်ဆွေတင့်လို့ လှမ်းခေါ်ချင်ခေါ်မယ်. . .၊ အမေလုပ်သူကို ပြေးတိုင်ရင်တိုင်မယ်၊

အဝေးက ခဲနဲ့စွပ်ထုချင်ထုမယ်၊ ရည်းစားလုပ်တဲ့လူမြင်ရင် ကြိတ်မနိုင်ခဲမရ လက်သီးဆုတ်မိလိုဆုတ်မိနဲ့ အော်ကျယ်ဟစ်ကျယ်လဲ မလုပ်ဝံ့နဲ့နေရမယ်၊ ဒီလိုခြားနားတယ်ကွဲ့. . .'

မင်းသားသည် လက်ဟန်ခြေဟန်နှင့် ပြောပြနေရာ ခင်ဆွေတင့်မှာ သွားကလေးများပေါ် အောင် ပြုံးရယ်၍ နားထောင်နေလေ၏။

'ကဲ. . . မင်းနဲ့ အစ်ကိုကြီး တတောင်သာသာကွာလောက် မျက်နှာချင်းဆိုင်နေရမှာ. . . မင်းက ရာဟုထောင့်မျက်နှာလှဲ့၊ အစ်ကိုကြီးက အင်္ဂါထောင့်'

'ရာဟုထောင့်ဆိုတာ ဘယ်ဘက်ထောင့်လဲ အစ်ကိုကြီး'

'အော်. . . ဖျင်းလိုက်တဲ့ သူငယ်မ၊ အနောက်မြောက်ထောင့်ကွဲ့. . .၊ အစ်ကိုကြီးက အရှေ့ တောင်ထောင့်. . . လာ. . . လာ ဆင်ဝင်အောက်မှာ သွားလုပ်ကြစို့'

ခင်ဆွေတင့်သည် အသည်းယားသလို ပခုံးကလေးကြွတက်သွားလေ၏။

ကိုဗွေးအောင်ကား တဘက်ခြံထဲမှ လမ်းရောက်သလို ပန်းပင်ကြည့်သလိုနှင့် လှမ်းမြော် ကြည့်ရှုနေရာ မင်းသား၏ အိမ်ရှေ့ပန်းခြံတွင် မိမိချစ်သူနှင့် မင်းသား ရယ်ကာမောကာ စကားပြော နေကြခြင်းကိုငင်း၊ မင်းသားက ရှေ့က လမ်းရှောက်သွားရာ ခင်ဆွေတင့်နှင့် ဘော်ဘီကလေးသည် နောက်ကတကောက်ကောက်လိုက်သွားပုံကိုငင်း မြင်ရလေ၏။ တဖန်ဆင်ဝင်အောက်သို့ရောက် သောအခါ ခင်ဆွေတင့်သည် ကိုဗွေးအောင်၏ ဘက်ကို ကျောပေးလျက် ရပ်နေခိုက် မင်းသားသည် ခင်ဆွေတင့်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်၏။ တဖန် ခင်ဆွေတင့်၏ ပုခုံးကိုကိုင်ကာ လှုပ်သလိုပြု လုပ်၍ နေရာ မင်းသားမျက်နှာမှာ ပြုံးလျက်ဖြစ်သဖြင့် ကိုဗွေးအောင်သည် အထူးဒေါပွသွားလေ၏။ လက်ကို ရှေ့တွင်လည်း မဆုပ်ဝံ့သဖြင့် နောက်သို့

လက်နှစ်ဘက်ထားကာ ကျစ်ကျစ်ပါအောင် ဆွဲဆုတ်မိလေ၏။ မင်းသားက လက်ပြန်ချထားသောအခါ ခင်ဆွေတင့်က နောက်သို့တချက်မျှ ကြည့်ပြီး ရယ်ပြန်လေ၏။ ကိုငွေးအောင်ကား ကြာလျှင်အခြေပျက်မည်စိုး၍ အိမ်အောက်ထပ်ဆီသို့ ရောက်သွားလေ၏။

'ကိုင်း. . . ဘယ့်နှယ်လဲအစ်ကိုကြီး ဟိုမှာ အိမ်အောက်ဝင်သွားဘီ'

'ဒီလိုဆိုတော့လဲ သူဟာ မောင်တယောက်ကဲ့ အပြုအမူဘဲ. . .၊ နဲနဲရှင်းသွားတာပေ့ါလေ၊ တကယ်လို့ ရည်းစားရှိတဲ့ မိန်းကလေးတယောက်ကို မိတ်ဖွဲ့မိရက်သားကြုံနေရင် ဟိုတဘက်မှာလဲ စိတ်အနှောင့်အယှက်ဖြစ်၊ ဒီမှာလဲ အပြောအဆို သတိထားရနဲ့ ခက်တာပေ့ါကွဲ့. . .'

'အစ်ကိုကြီး စောင်းတီးတတ်တယ်နော် ခင်ဆွေကို သင်ပေးမယ်လား'

ခင်ဆွေတင့်သည် သူ့မောင်အကြောင်းစကားဖြတ်လိုက်ကာ 'ခင်ဆွေ' ဟူသော အသုံး အနှုန်းဖြင့် ခပ်ညုညုပြောလိုက်လေ၏။

'သင်တာက ကိစ္စမရှိဘူး. . .၊ အလွန်ပင်ပန်းတယ် ခင်ဆွေ. . . အစ်ကိုကြီးတော့ စောင်းမတီးတတ်ခင် ကြိုးညှိရတာ နဲ့ လက်မ ၂ ခုစလုံးထိပမှာ အသားမာလိုက်နေတော့တာဘဲ'

'ဒီလောက်တောင်ခက်သလား. . . အချို့မိန်းမတွေ တီးတတ်တယ်ဆို'

'အပင်ပန်းခံရင် တီးတတ်တာပေ့ါ၊ စောင်းဆိုတာ ကိုယ်တိုင်ကြိုးကျစ်တတ်မှ၊ ကိုယ်တိုင် အသံညှိတတ်မှ 'ပိုးသာကုန် မောင်ပုံစောင်းမတတ်' ဆိုတာ ကြားဘူးတယ်မဟုတ်လား၊ တော်တော် ဉာဏ်ထိုင်းတဲ့လူဟာ စောင်းပညာမတတ်နိုင်ဘူးလို့ ဆိုထားတာဘဲ. . .'

'အစ်ကိုကြီးရဲ့စောင်းကို ခင်ဆွေမကြည့်ရဘူးလား'

'ကြည့်ရပါတယ် အိမ်ပြန် ထမင်းစားချည်အုံး၊ ပီးမှလာခဲ့ဟုတ်လား. . .'

ခင်ဆွေတင့်သည် မင်းသား၏ အိမ်ပေါ်သို့ ချက်ခြင်းပင် မတတ်ရသေးသော်လည်း အခါအခွင့်ကောင်းရရှိနေပြီဖြစ်သဖြင့်. . .

'ဟုတ်ကဲ့အစ်ကိုကြီး ခင်ဆွေပီးမှလာခဲ့မယ်နော်'

ဟု ပြောဆိုကာ အိမ်သို့ပြန်ရန် ခြေလှမ်းပြင်ရာ ဘော်ဘီကလေးကလည်း ဝပ်ရာမှ ထလေ၏။

ခင်ဆွေတင့်သည် မိမိအိမ်ဝင်းခြံထဲသို့ ဝင်ရောက်လာတော့ရာ လည်တံရှည်ထွက်နေသော ကိုဌေးအောင်၏ မျက်နှာကို ဆင်ဝင်ပေါက်ဝတွင် ရှေးဦးစွာ မြင်ရလေ၏။ မချိပြုံးပြုံးရင်း. . .

'ဘယ့်နှယ်လဲခင်. . . တော်တော် ဟန်ကျခဲ့ရဲ့လား'

'ကျလုပါဘီ ကိုကိုဌေး. . . ထမင်းစားပီး တခေါက်သွားရအုံးမယ်'

ဟု ပြောကာ ဧည့်ခန်းသို့ ဝင်သွားရာ ကိုဌေးအောင်လည်း နောက်ကထပ်ကြပ်လိုက်ပါသွား လေ၏။ လူကြီးများကား သို့မီးနှင့် သားမက်လောက်ကို အနှောင့်အယှက်မပေးလိုသဖြင့် မိမိတို့ဘာ သာ အခြားနေရာတွင် နေကြလေ၏။ ကိုဌေးအောင်သည် သူ၏ ရင်ဘတ်ကို လက်၏ နှင့်ဘိလျက်. .

'အခုမှ အလုံးကျသွားတယ် ခင်. . . ခင်ရဲ့ မင်းသားက ကြမ်းလှချည့်လား၊ ဒီလိုသာဆိုရင် စုံထောက်အလုပ်က ထွက်ရမလား၊ ခင့်ကိုဘဲ လွှတ်ထားရမလားဆိုတာ စဉ်းစားမိတော့တာဘဲ. . .'

'ဘာကြမ်းလို့လဲ ပခုံးကို အဟုတ်ကိုင်တယ်ထင်လို့လား၊ မကိုင်ပါဘူး၊ ပခုံးပေါ် ၂ လက်မ လောက်ခွါပီး ကိုင်ချင်ဟန်လှုပ်ချင်ဟန် ဆောင်ပြောတာပါ. . . ကိုကိုဌေး ဘယ်လိုနေတယ်ဆိုတာ အကဲခပ်ချင်လို့တဲ့. . .'

'အနို့ သူဘယ်လို အကဲခပ်ရသတဲ့လဲ. . .'

'မောင်တယောက်ကဲ့ အပြုအမူဘဲတဲ့. . .'

'ကောင်းပါလေ့ ခင်. . ၊ ဒီက လက်နောက်ပစ်ပီး လက်သီးဆုတ်တာမြင်ရင်တော့ အခက်ဘဲ. . . လက်သီးဆုပ်မိတယ်'

'ဒီလိုဆိုရင် ဟန်မကိုက်သေးဘူး ကိုကိုဌေး. . ၊ ဒီလူကြီးက အလွန်ရဲတာ၊ တော်တော်ကြာ လက်တွေဘာတွေ ကိုင်ချင်ကိုင်မှာ. . .'

'လက်တွေကိုင်တာ ကိစ္စမရှိဘူး၊ 'ဘာတွေ' တော့ အကိုင်မခံမှ ဖြစ်မယ်. . .'

ခင်ဆွေတင့်သည် ကိုဌေးအောင် ပြောစကားကို ရှက်သလိုဖြစ်သွားသော်လည်း ရဲတင်းဖျပ် လပ်သော ကျောင်းသူကလေးဖြစ်သဖြင့် ချက်ခြင်း စိတ်ကိုပြင်ကာ. . .

'သိပ်အထအနကောက်တာဘဲ. . . ခင်ပြောတာက ပုတ်လားခတ်လားနေချင်နေမဲ့လူ၊ သူ့ကြည့်ရတာ မိန်းမယောကျ်ား တယ်ပီးခွဲခြားပုံမရဘူး၊ သူမထင်ရင် တွန်းပစ်ချစ်ပစ်မှာ. . . ဒါတွေ သည်းခံပေါင်းရင် ကိုယ်လိုတဲ့ သတင်းတွေ ရနိုင်တယ် မဟုတ်လား. . .'

ကိုဌေးအောင်သည် မိမိ၏ ပုလိပ်စုံထောက်အလုပ်ကို စက်ဆုပ်သလိုဖြစ်၍ လာ၏။ မိမိ ရာထူးတိုးတက်မှုကြောင့် အချစ်ဆုံးရည်းစားအား ဝေဿန္တရာလုပ်ရမှာကလည်း ဘုရားလောင်း မဟုတ်၊ သူတို့ တဦးနှင့်တဦး ထိ-တွေ့-ကိုင်တွယ် ကျည်စယ်နေကြမည်ကို စဉ်းစားမိသောအခါ များစွာအခံရခက်လျက် ခေါင်းကိုလက်ကြီးနှစ်ဘက်နှင့် စုံကုပ်ဖြဲရင်း. . .

'ခက်တော့ ခက်တယ် အားကြီးခက် ကိုကိုဌေးတော့ ဘယ်လိုကြံရမှန်းမသိတော့ဘူး ခင်ရဲ့'

'ခင် ဒါကြောင့် ကိုကိုဌေးကို အစက မေးတယ်မဟုတ်လား၊ ပီးခဲ့တဲ့

ကမ္ဘာစစ်ကြီးတုန်းက သူလျှိုမတွေ ဘယ်လိုဆောင်ရွက်ခဲ့ကြသလဲ. . .'

ကိုဋ္ဌေးအောင်လည်း တွေဝေစဉ်းစားနေ၏ ။ ကမ္ဘာစစ်ကြီးအတွင်းက အချို့သူလျှိုမများ သည် မိမိ၏ နိုင်ငံအကျိုးရှိရာ. . . ရှိကြောင်းအတွက် တဘက်ရန်သူတိုင်းပြည်မှ အရေးပါအရာ ရောက်သူများထံ သားမယားအဖြစ် ရက်ရှည်လများ အသုံးတော်ခံကြရရှာကာ သတင်းယူခဲ့ကြ ရ၏ ။ မိမိမှာလည်း နိုင်ငံသူပုန်ထမည့် လူတယောက်ထံမှ သတင်းယူဘို့အရေးတွင် မိမိရည်းစား ဖြစ်သူအား အဘဲ့ကြောင့် နောက်ဆံငင်၍ နေရသနည်းဟု တွေးတော ငေးမောနေ၏ ။

'အခုကဘဲ ပြောမယ်နော်၊ ကိုကိုဋ္ဌေး ဟိုလူကြီးက အလွန်ရဲတယ်၊ သူ အပရိကပြုမူ သလောက် ခင် အလိုလိုက်မယ်လို့ အောက်မေ့ထားတယ်၊ ဒါပေမဲ့ ခင့်ကိုယ်ခင် ထိန်းနိုင်ပါတယ်၊ ကိုကိုဋ္ဌေးကသာ မသက်သာသလို. . . တောင်မေး မြောက်မေးလုပ်နေရင် အခုကဘဲ ဒီလုပ်ငန်းကို ရပ်လိုက်ကြစို့. . .'

ကိုဋ္ဌေးအောင်ကား များစွာအကြပ်ရိုက်နေ၏ ။ ဤသို့ဆောင်ရွက်ရန် ပဌမအကြံပေးသူမှာ မိမိပင်ဖြစ်၏ ။ ဆောင်ရွက်သူကလေးမှာလည်း မိမိ၏ တက်လမ်းအတွက်ဖြစ်ရာ နောင်ခါလာနောင် ဈေးသဘောထားမှဖြစ်တော့မည်ဟု မျက်နှာကိုပြုံးချိုစွာ ပြုလိုက်ရင်း. . .

'အလကားပါ ကိုကိုဋ္ဌေးဟာ ခင့်ကိုထိရင် မခံနိုင်တဲ့သဘောကို ပြောတာပါ. . . ခင့်ကို ယုံပြီး သားဘဲ၊ ခင်သင့်သလို အလုပ်လုပ်သွားပေ့ါ. . .'

'ဒါတော့ စိတ်ချ လူကြီးက ဗွင်းဗွင်းရှင်းရှင်းကြီး ပြောစရာရှိရင်လဲ ညှာနေတာမဟုတ်ဘူး၊ ဒါကြောင့် ပြောရတာ ၊ အခုလဲ ထမင်းစားပြီးရင် သူ့ဆီ စောင်းတီးသင်ချင်တယ်ဆိုပြီး ချိန်းထားခဲ့လို့ သွားရအုံးမယ်. . .'

'အော်. . . နေ့လယ်လဲ သွားရအုံးမယ်လား၊ ဟန်ကျတာဘဲ၊ အိမ်ရဲ့ အခင်းအကျင်း အနေ အထား. . . နံရံချိတ်ဆွဲထားတဲ့ အရုပ်ကားမကျန်

မှတ်သားခဲ့နော်. . .'

'စိတ်ချပါ၊ ခင်နားလယ်ပါတယ်၊ မြင်သမျှ အကုန်သိရမှာပေါ့ ကိုကိုဒွေး. . .'

'ဒါဖြင့်ရင် ခင်ပြန်လာတဲ့အချိန်အထိ စောင့်နေရမှာလား. . .'

'မစောင့်နဲ့. . . ည ၇ နာရီလောက်မှ တခေါက်အလယ်လာပေါ့၊ သူ့ရဲ့ အိမ်အနေအထားနဲ့ စောင်းပညာသင်ပုံပါ ပြောမယ်. . .'

'ကောင်းဘီလေ. . . ဒါထက် အိမ်ပေါ်မှာ သူ့မယ်တော်ရှိတယ်နော်. . .'

'ဒီလို စိုးရိမ်သံကလေးတွေ မလုပ်စမ်းပါနဲ့၊ ခင်က အားကြိုးမာန်တက်လုပ်မဲ့ကြံရင် ဒီလိုအသံကြားရတော့ စိတ်ပျက်-ပျက်သွားတာဘဲ. . .'

'ခင့်ကို မယုံလို့ မဟုတ်ပါဘူး၊ လူကြမ်းကြီးဆိုလို့ မေးမိတာပါ. . .'

'ဒါလောက်လဲ မဟုတ်ပါဘူး၊ ခင် ပရိယာယ်နားလယ်ပါတယ်. . .'

'ကဲလေ. . .'

စကားမဆုံးခင် ခင်ဆွေတင့်က

'ဘာ. . . ကဲလေလဲ'

'အို. . . မပြောတော့ဘူး၊ ခင် သင့်သလို လုပ်ပါတော့. . .'

ဟု ပြောဆိုကာ နေရာမှထလေရာ လူကြီးများလည်း ကိုဒွေးအောင် ပြန်တော့မည့် ဟန်ပြင် သည်ကို မြင်ကြရမှ ထွက်၍ နှုတ်ဆက်လိုက်ကြလေ၏။

# အိမ်ကြီးပေါ် စောင်းတီးသင်ပုံ

ခင်ဆွေတင့်သည် ၎င်း၏ အခန်းထဲသို့ ဝင်ရောက်ကာ ရေမိုးအလျှင်ချိုးပြီးမှ ထမင်းစား လေ၏ ။ ထမင်းစားပြီးနောက် အဝတ်အစားပြင်ဆင်သော အခန်းထဲသို့ဝင်ရောက်ကာ အဝတ် များလဲလှယ်၍ နေ၏ ။ ၎င်း၏ ဆံပင်ကို နောက်တွဲကျစ်ဆံမြီးထုံး၍ ဆံပင်အဖျားတွင် ဖဲပြားအပွင့် အပြာရောင်တပ်၍ ထား၏ ။ နဖူးတွင် ဆံရစ်စများချထားရာ သနပ်ခါးပေါင်ဒါ ခပ်ပြေပြေကလေး လိမ်းထားသော နုရေဖပ်ရေ အသားကလေးနှင့် များစွာပနာဟပ်လျက် အသက် ၁၅ နှစ်သာသာဟု ထင်ရ၏ ။ အကျႌမှာလည်း ဒိုဘီချ အကောင်းဆုံး၊ အပါးဆုံး၊ ပဒုမ္မာအကျႌကို ဝတ်ဆင်ထားရာ အတွင်းဇာဘော်လီမှာ တင်းတင်းကြပ်ကြပ်မဟုတ်၊ ဝါးမျှစ်စို့ကဲ့သို့ နုထွားစိုပြေသော ကိုယ်အထက် ပိုင်းကို ကွင်းကွင်းကွက်ကွက် ဘော်ပြထားသကဲ့သို့ ဖြစ်နေ၏ ။ ခါးတွင်လည်း အနီနှင့်အပြာ မန်ကျည်းစေ့ကွက် ရွှေတောင်လုံကွင်း၊ အထက်ဆင့်အနက်တပ်ကို အတွင်းခံပိတ်လုံကွင်းနှင့် ထပ်၍ ဝတ်ဆင်ထား၏ ။ ခါးသေး၍ ကားတတ်သော တင်ပါးဆုံကြီးသည် အထက်ရင်သားပိုင်းနှင့် အချိုးအစားများစွာကျလျက်ရှိ၏ ။

ခင်ဆွေတင့်မှာ အဝတ်အစားလဲပြီးလျှင် မင်းသား၏ အိမ်ဘက်သို့ ချက်ချင်းမသွားသေးဘဲ မင်းသား၏ အိမ်ဆီသို့ အကဲခပ်ရန် အိမ်ရှေ့ပန်းခြံသို့ထွက်ခဲ့၏ ။ ဘော်ဘီကလေးကား သူ့သခင်မ လမ်းလျှောက်ရာတွင် လိုက်ပါ၍ နေရာ ဤအကြိမ်၌ ခေါ်ဘို့မလိုဟု အစေခံတယောက်အား ဘော်ဘီကို သိမ်းထားရန် အပ်လိုက်လေ၏ ။ မင်းသား၏ အိမ်၌ ကား မင်းသားသည် ဆင်ဝင်အပေါ် ထပ်ရှိ ပက်လက်ကုလားထိုင်တွင် အခန့်စားထိုင်ကာ သတင်းစာကြည့်၍ နေ၏ ။ ထိုသို့ကြည့်ရာမှ တောင်ဘက်ဝင်းခြံသို့ လှမ်းမျော်ကြည့်လိုက်ရာ ခင်ဆွေတင့်သည် လက်ကလေးမြှောက်ပြလိုက်၏ ။ မင်းသားကလည်း ခေါင်းကို ငြိမ့်၍ ပြလိုက်သဖြင့် မင်းသားအိမ်ဘက်သို့

ကူးသွားလေ၏။

'အော်. . . ခင်ဆွေ ဒီလိုပြင်ထားတော့ တမျိုးဘဲ၊ ဘယ်ကကလေးမကလေး ရောက်နေ သလဲ အောက်မေ့တယ်. . .'

မင်းသားသည် အိမ်အောက်ထပ်အပေါက်သို့ ဆင်းလာကာ ခင်ဆွေတင့်၏ မတျက်နှာကို စူးစိုက်ကြည့်ရှုရင်း ပြောဆိုလိုက်လေ၏။ မင်းသား၏ မျက်လုံးမှာ ခင်ဆွေတင့်၏ မျက်နှာတွင်သာ မဟုတ် ပဥ္စငါးပါးမကျန် တကိုယ်လုံးခြုံ၍ ကြည့်သဖြင့် ဘောက်များပြောလိုက်မလားဟု တွေးရွံ့နေ စဉ်. . .

'အေး. . . ဒါမှ ခေတ်မှီတော့မပေ့ါ၊ မိန်းကလေးဆိုတာ ဒီလိုမှကွဲ့. . .'

မင်းသားသည် ကျယ်ဝန်းသောအဓိပ္ပါယ်နှင့်ပြောလိုက်လေ၏။ ခင်ဆွေတင့်သည် ဖန်ပေါင်း ချောင်အကျႌအတွင်းက ဖြူဖွေးသော ရင်သားမပေ့ါတပေါ်ကို ငုံ့ကြည့်ရင်း ရှက်စိတ်ဝင်သော အမူအရာကလေး ဘော်ပြလျက်ရှိလေ၏။

'လာလေ. . . အိမ်ပေါ်သွားကြစို့'

ဟု မင်းသားကဆိုမှ အိမ်အောက်ထပ်သို့ ဝင်ရလေ၏။ အိမ်ကြီးမှာ သမံသလင်းခံ ၅ ခန်း ပတ်လည်အိမ်ကြီးဖြစ်ရာ ဆင်ဝင်နှင့် တည့်တည့်တခန်းစာမှာ အိမ်အပေါ်ထပ်သို့တက်သော လှေကားခြေရင်းအထိ လမ်းလုပ်ထား၍ ဘေးနှစ်ဘက်နှစ်ချက်တွင် အခန်းဖွဲ့ထား၏။ မင်းသားမှာ ရှေ့ကသွားနေရာ ခင်ဆွေတင့်မှာ ဝဲယာဘေးခန်းများကို မျက်လုံးကစားလျက်ရှိ၏။ အခန်းမှာ တဘက်လျှင် ၃ ခန်းစီရှိရာ လက်ျာဘက်အခန်းများအနက် ပဋ္ဌမဧည့်ခန်း၊ နောက်စတိုခန်း၊ ပဋ္ဌမ စာကြည့်ခန်း၊ ဓါတ်ခွဲခန်း၊ ထမင်းစားခန်းများဖြစ်လေ၏။ အခန်းတံခါးပေါက်တိုင်း၌ ဆွဲထားသည်ကို လည်း မှတ်သားလိုက်လေ၏။ တဖန်လှေခါးကြီးမှ ၂ ဆစ်ချိုးကွေ့ကောက်တတ်ကြရာ အိမ်အပေါ် ထပ်တွင်လည်း လူသွားလမ်းကိုအောက်ထပ်ကဲ့သို့လုပ်ထား၍ ဧည့်ခန်း၊ မယ်တော်ကြီးအခန်း၊

စောရန်အောင်အခန်းဟု ခွဲခြားထား၏။ ညှော့်ခန်းမှာ ၂ ခန်းရှိရာ တခန်းလျှင် တယောက်အိပ် ကျွန်း ခုတင် ၂ ခုစီရှိ၏။

ခင်ဆွေတင့်သည် သေချာစွာမှတ်သားပြီးနောက် မင်းသားသွားရာသို့ တကောက်ကောက် လိုက်ပါလာခဲ့ရာ အိမ်ရှေ့ဆင်ဝင်ခန်း အနောက်ဘက်နားတွင် နှစ်ယောက်ထိုင်ဆိုဖါတခု၊ ဖုံကုလား ထိုင် ၄ လုံး၊ ပက်လက်ကုလားထိုင် ၂ ခု ကျနစွာစီစဉ်ခင်းကျင်းထားသည်ကို မြင်ရလေ၏။ စန္ဒယား၊ ပတ္တာရား၊ စောင်းကောက်ကြီးနှင့် တယောက်များလည်းမြင်ရရာ ခင်ဆွေတင့်မှာ ဆင်ဝင်ခန်းတွင် ချိတ်ဆွဲထားသော ဓါတ်ပုံကြီး ၂ ခုကို စူးစိုက်ကြည့်ရှုမိလေ၏။ မင်းသားလည်း ခင်ဆွေတင့်အား ဆိုဖါတခုပေါ်တွင်ထိုင်ရန် လက်ညှိုးညွှန်ရင်း. . .

'ဒါ. . . ခမဲတော်နဲ့ မယ်တော်ရဲ့ပုံပေါ့ ခင်ဆွေ. . .'

ခင်ဆွေတင့်ကား နဖူးကျယ်၊ ကြင်ခပ်ပုဝါ အုပ်ပေါင်း၊ သားမွေးအကျႌအချိတ်ပုဆိုးနှင့် အသက် ၆၀ ကျော်ခန့် လူကြီး၏ ဓာတ်ပုံကိုရင်း ရင်ဖုံးအကျႌ အချိတ်ထမီနှင့် ဆံထုံးပိပိရှေ့တွင် ဘီးစိုက်ထားသော အသက် ၄၀ ခန့် မွန်မွန်ရေရေ မိန်းမကြီး၏ ပုံကိုရင်း၊ ကြည့်မြဲကြည့်ရှုနေလေ၏။

'ဒါတွေက ဘယ်တော့ကရိုက်ကူးထားတာလဲ အစ်ကိုကြီး. . .'

'မယ်ဆေတော်ရဲ့ပုံက ၁၅ နှစ်လောက်ရှိဘီ၊ ခမဲတော်ပုံက နှစ်ပေါင်း ၂၀ လောက်ကြာရော့ မယ်၊ အစ်ကိုကြီး ၅ နှစ်သားတုန်းက ရိုက်ကူးထားတာဘဲ. . .'

ခင်ဆွေတင့်သည် ထိပ်တင်ကြီး ခမဲတော် ယခုရှိလျှင် အသက် ၈၀ ကျော်ရော့မည်၊ မယ်တော်ကား ၅၀ ခန့်မျှရှိသေးရာ ၃၀ မျှကွာခြားသည်ကို အံ့အားသင့်နေလေ၏။ မင်းသား ကလည်း ခင်ဆွေတင့် တွေးတောနေသောအကြောင်းကို ရိပ်မိသည့်လက္ခဏာနှင့်. . .

'ခမဲတော်ဘုရားက သံယောဇဉ်များတယ်ဆိုပီး အိမ်ထောင်မပြုဘဲ ၄၀ ကျော်၊ ၅၀ နီးကျမှ မယ်တော်နဲ့အကြောင်းပါကြတာ၊ သားဆိုလို့

အစ်ကိုကြီးတစ်ယောက်ထဲ မွေးခဲ့တယ်’

‘အခု မယ်တော်ဘုရား အခန်းထဲမှာလား အစ်ကိုကြီး’

‘မရှိဘူး ခင်ဆွေ. . . လန်ကာစတာလမ်းကို ထွက်သွားတယ်’

မင်းသား၏ စကားကိုကြားလျှင် ခင်ဆွေတင့်မှာ ရင်ကလေးများ ဖို၍သွားလေ၏ ။ ကျယ်ဝန်း သောအိမ်ကြီးပေါ်တွင် အပျိုလူပျို နှစ်ယောက်တည်းသာ နီးနီးကပ်ကပ်နေရခြင်းသည် မင်းသား စိတ်မရိုးက အခက်ဘဲဟု တွေးတောမိလေ၏ ။ မင်းသားကလည်း ခင်ဆွေတင့်၏ တွေးတောချက် ကို ရိပ်မိသည့်လက္ခဏာနှင့်

‘ဘာဖြစ်သလဲ ခင်ဆွေ၊ အစ်ကိုကြီးနဲ့ နှစ်ယောက်ထဲနေရတာ ကြောက်သလား’

‘မကြောက်ပါဘူး၊ မယ်တော်ဘုရားရှိရင် ဖူးရအောင်လို့ပေါ့. . .’

‘နောက်တော့ တွေ့လိမ့်မပေါ့၊ ကိုင်း. . . စောင်းကို အရင်ပြမယ်နော်. . .’

ဟု မင်းသားသည် နေရာမှ ထသွားကာ စောင်းကောက်ကြီးကို ယူခဲ့လေ၏ ။ ဖုံကုလားထိုင် တခုကို ခင်ဆွေတင့်၏ အနီးသို့ ဆွဲယူလိုက်ရင်း ခင်ဆွေတင့်နှင့် မျက်နှာခြင်းဆိုင်ထိုင်လိုက်ကာ စောင်းကောက်ကို ပေါင်နှစ်ဘက်ပေါ်တွင် တင်လျက်

‘ဟောဒီမယ်ကြည့် ကြိုး ၁၃ ပင် ရှိတယ်. . . ဒီလို ကြိုးညှိရတယ်. . .’

ဟု ခပ်လျော့လျော့ချည်ထားသော စောင်းကြိုးများကိုဖြုတ်ယူလိုက်ပြီးလျှင် စောင်းကြိုး သတ်ပြန်တပ်ကာ လက်မနှစ်ခုဖြင့် အထက်သို့မ၍ တင်းနေလေသည်။ ကြိုးအားလုံးကို ဘယ်လက်မ၊ လက်ညှိုးများဖြင့် အသံကို တုံတုံတင်တင်နှင့် စမ်းကာ၊ စမ်းကာ ကြိုးညှိ၍ ပြီးလေ၏ ။

‘ဒီအုပ်ထားတဲ့သားရေးက ဘာရေလဲ အစ်ကိုကြီး’

‘သမင်ရေကွဲ့. . . သမင်ရေဆိုတာ ပျဉ်းတွဲခြင်း. . .၊ ရော့ခြင်းမရှိဘူး၊ စောင်းကြိုးလောက် တင်းတာ မပြောတဲ့၊ တူနဲ့ထုတာတောင် စန့်ပီးမထွက်ဘူး. . . ဒါကြောင့် ရွှေခပ်တဲ့သူတွေဟာ အထုပ်ပေါ်က ပတ်တဲ့ဟာကို သမင်ရေသုံးကြတာပေ့ါ. . .’

မင်းသားသည် စကားပြောရင်း စောင်းကြီးကို ရင်ခွင်နားသို့တိုးလျက် ဘယ်လက်ဖြင့်ထိန်း ကာ ညာလက်ဖြင့် အတောတပုဒ်ကို စမ်း၍ တီးလေ၏။

‘အစ်ကိုကြီးဆရာက ဒေဝဣန္ဒာဘွဲ့ခံ ဦးမောင်မောင်ကြီးပေ့ါ. . .၊ ဒီဆရာကြီးဟာ ဘဲ့လောက်တော်သလဲဆိုရင် စစ်ကိုင်းချောင်မှာ သက်န်းဆီးပီးတဲ့နောက် သင်္ဂြိုဟ်တက်တာတောင် သမ္မာသမ္ဗုဒ္ဓမတလံ. . . အဲဒီလိုစတာကို စောင်းသံနဲ့လိုက်တီးတယ်၊ စောင်းသံနဲ့လိုက်ပီးသင်ရရင် ခဏကလေးရလွယ်တာဘဲ. . .’

‘ကြားတော့ ကြားဘူးတယ်၊ အခု ကွယ်လွန်ရှာဘီနော်’

‘အင်း. . . အတော်ကြာပေ့ါ. . .၊ ဘယ်ကစသင်ရသလဲဆိုရင် တံတျာတေးရှင်. . . တံတျာ တေးရှင်. . . ဒြူ ဒြူ. . . ထု ဒြန့်ဒြန့်. . . တောပင်လုံးနှံ့ပါလို့. . .’

မင်းသားသည် အသံနေအသံထားနှင့်ဆိုပြီးလျှင် စောင်းနှင့်လည်း လိုက်၍ တီးပြလေ၏။

‘စောင်းသင်ရတာ က အတော်ခက်မှာဘဲ. . . ခင်ဆွေတင့်တော့ စန္ဒယားနဲ့ သီချင်းကြီးတွေ တက်ချင်တယ်၊ နောက်မှ စောင်းကိုသင်တော့မယ်. . .’

‘ဒါတော့ ခင်ဆွေသဘောဘဲ၊ သီချင်း ဘယ်နှစ်ပုဒ်လောက်ရဘူးသလဲ. . .’

‘၄-၅-၁၀ ပုဒ်လောက်ပါဘဲ၊ ဒါပေမဲ့ ကျကျနန ဟုတ်ချင်မှ ဟုတ်မှာ’

ခင်ဆွေတင့်မှာ အမှန်အားဖြင့် မင်းစားထံမှ မည်သည့်ပညာကိုမျှ

ဟုတ္တိပတ္တာသင်ကြားချင်၍ မဟုတ်ချေ၊ မင်းသားနှင့် နီးနီးကပ်ကပ်နေထိုင်လိုသောကြောင့်သာ အကြောင်းရှာနေခြင်းဖြစ်ရာ မိမိအနည်းငယ်တီးတတ်သော စန္ဒယားနှင့်သာ၍ ဟန်ကရိုက်မည်ဟု လှီးလွှဲပြောဆိုလိုက်ခြင်းဖြစ် လေ၏။ မင်းသားမှာလည်း ခင်ဆွေတင့်အလိုကိုလိုက်၍ စောင်းကောက်ကြီးကို သူ့နေရာတွင်ပြန်၍ ထားလိုက်ကာ စန္ဒယားရှေ့တွင် ကပ်ပြန်လေ၏။ ခင်ဆွေတင့်လည်း မင်းသားနှင့်အတူလိုက်လာပြီး မတ်တပ်ရပ်နေရာ မင်းသားသည် ကြိမ်ကုလားထိုင်တလုံးကို ကိုယ်တိုင်ထယူ၍ ပေးလေ၏။

‘အို. . . နေပါစေတော့လား အစ်ကိုကြီး၊ ခင်ဆွေယူမယ်ပေ့ါ’

ဟု အားနာစွာပြောပြီးလျှင် ကုလားထိုင်တွင် ထိုင်လိုက်လေ၏။ မင်းသားသည် စောင်းတီး ပြစဉ်က ခင်ဆွေတင့်အား ဂရုစိုက်ကြည့်ဟန် မတူချေ။ စန္ဒယားနားထိုင်မှ ပါးလှပ်သော ပဒုမ္မာရင် သားမပေ့ါတပေါ် ဇာဘော်လီတို့ကိုမြင်မိရာ မျက်လုံးမသိမသာကစားပြီးနောက် ဣန္ဒြေရရနေလိုက် သည်ကို ခင်ဆွေတင့် သတိထားမိရာ မိမိကိုယ်ကိုမိမိ မလုံသလို ဖြစ်သွားလေ၏။

‘ကဲ. . . ဘာသီချင်းရသလဲ ခင်ဆွေ၊ တပုဒ်ဆိုစမ်းပါ. . .’

‘ဟင့်အင်း. . . ခုတော့ မဆိုချင်သေးဘူး၊ နောက်တော့ ရဲလာမှ ဆိုမယ်၊ ဟိုသီချင်းတီးပြစမ်း ပါ၊ ဂန္ဓမာတောင်. . .’

‘အော်. . . နောက်ပိုးသီချင်းကို ပြောတာလား’

‘ဘယ်က နောက်ပိုးသီချင်းလဲ. . . ကြံကြီးစည်ရာပြောရော့မယ်. . .’

‘ဟုတ်တယ်ကွဲ့၊ သီချင်းသားအဓိပ္ပါယ်ကို စဉ်းစားကြည့်ပါလား၊ ဂန္ဓမာတောင်မှာရှိတဲ့ မဥ္ဇူ ပန်းပင်ကလေးကို ဆွတ်ချင်ပန်ဆင်ချင်ပေမဲ့ ဂုမ္ဘာန်ရက္ခတို့စောင့်နေလို့ မှိုင်တွေချနေရတဲ့ အကြောင်းတွေပါတယ်မဟုတ်လား’

မင်းသားသည် သီချင်းကို အစ,အဆုံးဆိုပြပြီး အဓိပ္ပာယ်ရှင်းပြနေရာ ခင်ဆွေတင့်မှာ သဘောကျသလိုပြုံး၍ နားထောင်နေလေ၏။

'အစ်ကိုကြီးလက်က အတော်သွက်တာဘဲ၊ ပျင်းပျင်းရှိ ဒါဘဲလုပ်နေတာ ထင်ပါရဲ့၊ ဒါကြောင့် သွက်နေတာပေါ့. . .'

'အလေ့အကျင့်များရင် နိုင်နင်းတာပေါ့၊ အစ်ကိုကြီးက ကိုယ့်စိတ်ကိုညစ်အောင်မလုပ်ဘူး၊ အပူတွေ အရှုပ်အထွေးတွေ စိတ်ထဲမှာ ကြာကြာမထားဘူး၊ အတီးအမှုတ်ဆိုတာလဲ စိတ်ကို အတော်သာယာစေတာကွဲ့'

'ကောင်းပါတယ်. . . စိတ်မညစ်တတ်တာဟာ အကောင်းဆုံးဘဲ. . .'

'အစ်ကိုကြီးတော့ အစ်ကိုကြီးစိတ်ကိုညစ်ညူးအောင်လုပ်တဲ့သူများဟာ အကြီးဆုံးရန်သူဘဲ'

ခင်ဆွေတင့်သည် မင်းသား၏ မျက်နှာကို ငေး၍ ကြည့်နေလေ၏။ မင်းသား၏ ရုပ်ရေမှာ နီးနီးကပ်ကပ်ကြည့်မှ ယောက်ျားပီသလျက်၊ အလွန်သန့်ပြန့်သောလက္ခဏာကို ထင်ထင်ရှားရှား တွေ့မြင်ရလေ၏။ ခင်ဆွေတင့်သည် စန္ဒယားဘေးတွင်ထိုင်ရာမှ မှန်စီရွှေချအိမ်နှင့် ပတ္တာရားကြီးကို ကြည့်ပြန်ရာ မင်းသားက. . .

'ပတ္တာရား နားထောင်အုံးမလား'

ဟု မေးလိုက်ပြန်လေ၏။

'ဟုတ်ကဲ့. . . အဆိုတော် စောမြအေးကြည်ဆိုတဲ့ မြရည်နန္ဒာသီချင်း ဓါတ်ပြားဖွင့်နား ထောင်ဘူးလို့. . . အစ်ကိုကြီးရတယ်မဟုတ်လား'

'ရပါတယ်. . . စောမြအေးကြည်ဟာ အဆိုဘက်ကတော့ အတော်တောင့်တင်းတာပေါ့ ခင်ဆွေ. . . ဆရာ ဦးထွန်းအိုင်၊ ဆရာဦးလူကြီးထက် လက်ဖျားခါရတဲ့ မိန်းမပေါ့. . .'

မင်းသားသည် စန္ဒယားကိုဆွဲပိတ်ပြီးလျှင် နေရာမှထကာ ပတ္တရားကြီးရှေ့တွင် တင်ကလိမ်ချိတ်၍ ထိုင်လေ၏။ ခင်ဆွေတင့်လည်း နေရာမှထပြီးလျှင် မင်းသား၏ ဘေးတွင် ဒူးတုပ် လျက်ထိုင်နေလေ၏။ မင်းသားမှာ ဝါးပတ္တရားကို မြရည်နန္ဒာအလိုက် တပုဒ်ဆုံးအောင် တီးပြ လေ၏။ မင်းသားကား စိတ်ပါလက်ပါနှင့်တီး၍ ပြနေလေရာ အတီးအမှုဝါသနာပါသူဖြစ်လျှင် အလွန်နိုတ်ဝင်စားဘွယ်ကောင်းလေ၏။

သို့ရာတွင် ခင်ဆွေတင့်မှာ အိမ်ကြီး၏ အောက်ထပ်ရှိ အခန်းများအနက် စာကြည့်ခန်းတွင် မည်ကဲ့သို့ စာအုပ်များရှိလေသနည်း၊ ဓာတ်ခွဲခန်းတွင် မည်ကဲ့သို့ ပစ္စည်းများရှိလေသနည်း စသည် တို့ကို တွေးတောနေတော့ရာ မင်းသားသီချင်းတပုဒ်ဆုံးမှပင် ပြုံးရအင်သော အမူအရာဖြင့်. . .

‘အစ်ကိုကြီးက အတီးမှာဖြင့် အတော်စုံတာဘဲ’

ဟု ပြောလိုက်လေ၏။

‘ခင်ဆွေ သင်မယ်ဆိုရင် စနေ-တနင်္ဂနွေ ၂ရက်၊ ၂ရက်မှာ သီချင်းကြီးတပုဒ်လောက်တော့ ကျကျနနသင်ကြားနိုင်မှာဘဲ’

‘အို. . . စနေ-တနင်္ဂနွေတင် ဘယ်ကမလဲအစ်ကိုကြီး၊ ဒီပြင်နေ့တွေလဲ ကျောင်းကပြန်တဲ့ အခါ အစ်ကိုကြီးက နှင်မချရင်လာမှာပေါ့. . .’

‘အစ်ကိုကြီးက ဘာလို့နှင်ချရမှာလဲ. . . အစ်ကိုကြီးက ရုပ်လက္ခဏာကို ကြည့်လိုက်ရင် လူဆိုး လူကောင်း ခွဲတတ်ပါတယ်. . .’

‘အနို့. . . ခင်ဆွေကို အစ်ကိုကြီး ဘယ်လိုထင်လဲ. . .’

‘မိန်းမကောင်းကလေးဘဲ ပြောဘူးပြီကော. . . နဲနဲပါးပါးအပြစ်အနာအဆာတော့ ရှိတာပေါ့၊ ဒါပေမဲ့ ပြင်လိုက်ရင် ရပါတယ်. . .’

ခင်ဆွေတင့်သည် မင်းသားက မိမိအား မိန်းမကောင်းလေးဟု ဆိုထား၏

။ စင်စစ် မိမိသည် မင်းသားနှင့် မိတ်ဖွဲ့၍ မိမိခင်ပွန်းလောင်း ကောင်းစားရေးအတွက် ပရိယာယ်ဟန်ဆောင်နေသည် မှာ မင်းသားဘက်ကကြည့်လျှင် မိန်းမကောင်းစစ်စစ် မဖြစ်နိုင်ချေ။ သို့ဖြစ်၍ မင်းသား၏ စကားကို ကြားသိရလျှင် အတွင်းကြိတ်ရယ်ချင်လာလေ၏ ။ သို့ရာတွင် ကိုဌေးအောင်နှင့် ဘခင်ဦးလူဘော်တို့ ပြောပြကြသလို မင်းသားသည် လူဆိုးရုပ်မပေါ်ချေ။ တိုင်းပြည်ပုန်ကန်မည့် အကြံဉာဏ်ကောင်းရှိ မည်ဖြစ်သော်လည်း အတွင်းသဘော ဖြူစင်သော လက္ခဏာကား ၂ ရက်ဆက်ဆံကြသည့်အတွင်း မှပင် ခင်ဆွေတင့်သိမြင်ပြီးဖြစ်တော့လေ၏ ။

မင်းသားလည်း ပတ္တာရားလက်တန် ၂ ခုကို ပတ္တာရားပေါ်တွင် တင်ထားပြီးလျှင် ခင်ဆွေတင့် ၏ မျက်နှာကို ကြည့်ရှုနေလေ၏ ။ ခင်ဆွေတင့်၏ နားတွင် ရတီ ၅ မတ်ခန့်ရှိ စိန်နားနားပွင့်ကလေးများ ပန်ထားရာ၊ မင်းသားသည် ဘာတခုမှ မပြောဆိုဘဲ သူ၏ လက်တန်းရှည်ကြီးဖြင့် ခင်ဆွေတင့်နားကို ကိုင်ကြည့်လေ၏ ။ ခင်ဆွေတင့်မှာ များစွာအံ့အားသင့်သွားလေ၏ ။ သို့ရာတွင် မင်းသား၏ အမူအရာ မှာ အပျိုကလေးတဦးအား မကိုင်မတွယ်ရပါလားဟူသော လူ့သဘောကို သတိမထားသည်မှအပ အကိုကြီးသည် ညီမငယ်ကလေး၏ နားရွက်ကို ကိုင်တွယ်သကဲ့သို့ဖြစ်သောကြောင့် စိတ်ဆိုးရမှာ ခက်၍ နေလေ၏ ။

'ဒါ စိန်အစစ်လား ခင်ဆွေ' (မင်းသားသည် လက်ကို ပြန်သိမ်းလိုက်၏ ။)

'အစစ်ပေ့ါ. . . ခင်ဆွေတို့ အဆင့်အတန်းနဲ့ ဓါတုဗေဒပန်ရင် ရှက်စရာကြီး. . .'

မင်းသားသည် ဘာမျှ စကားပြန်မပြောဘဲ နေရာမှထကာ အခန်းတခန်းထဲသို့ ဝင်သွားလေ ၏ ။ မကြာမီ တစုံတခုကို ကိုင်ယူကာ ပြန်ထွက်လာရာ ခင်ဆွေတင့်၏ ရှေ့သို့ရောက်လျှင် ငွေကြုတ် ကလေးတခုကို ရှေ့သို့ချထားလျက် ကိုယ်တိုင်ဖွင့်၍ အထဲကပစ္စည်းကို ခင်ဆွေတင့်အား ပြလေ၏ ။ စိန်၏ အရည်အသွေးမှာ အလွန်ကောင်းမွန်လေရာ ခင်ဆွေတင့်၏ နားကစိန်သည်

စိန်အစစ်ဆိုရစေ ကာမူ မင်းသား၏ စိန်နှင့်စာလျှင် ဖန်ကွဲကဲ့သို့ဖြစ်၍ နေလေ၏။

‘ခင်ဆွေရဲ့ နားပွင့်နှစ်ဘက်စလုံး ချွတ်စမ်းပါ. . .’

ခင်ဆွေသည် ဆရာ့အမိန့်ခံယူရသော တပည့်ကဲ့သို့ ၎င်း၏ နားနှစ်ဘက်မှ စိန်နားပွင့်ကလေး များကို ဖြုတ်ယူကာ မင်းသားလက်ထဲသို့ ထည့်လိုက်လေ၏။ မင်းသားသည် ခင်ဆွေတင့်၏ နားပွင့် နှင့် သူ၏ နားပွင့်ကို ပြည့်ဖြိုးသော လက်ဖဝါးထဲတွင်ထည့်ကာ နှိုင်းယှဉ်ပြလေ၏။

‘အစ်ကိုကြီးစိန်က သိပ်ကောင်းတာဘဲ. . . ရွှေချင်းကလဲ တကယ်ကွာ်တာကို. . . ဒီရွှေက ဘာရွှေတုန်း အစ်ကိုကြီး ဇမ္ဗူရစ်လား. . .’

‘မဟုတ်ပါဘူး. . . ဒါပေမဲ့ ပုရပိုက်ခေါက်ရွှေကို ထပ်မီးကြည့်ထားတာ. . .’

‘အော်. . . ဒါကြောင့် ဒီလောက် အရောင်ကောင်းတာကိုး’

‘ကဲ. . . အစ်ကိုကြီး နားပွင့်ကို ပန်ကြည့်စမ်း၊ ဟန်ကျရဲ့လားကြည့်ရအောင်. . . ဒီစိန် တွေက ဘိုးတော်ဘုရားလက်ထက်က စိန်တွေ. . . တရတီ ၅၀၀ ကျော်လောက် ပေးရတယ်၊ တူမတော်ကလေးဆင်မလို့. . . မယ်တော်ဘုရား စိန်လယ်တုံကဖြုတ်ပြီး နားပါင့်လုပ်ထားတာ. . . ဒင်းမထိုက်လို့ ကွယ်လွန်ရှာပြီ. . .’

မင်းသားမှာ ထိုသို့ပြောရင်းပင် မျက်နှာညှိုးသွားရာမှ ချက်ခြင်းပင် ပြုံးရွှင်လိုက်ကာ စိတ်ညစ်ညူးခြင်းပင် ဖြေဖျောက်လိုက်လေ၏။ ခင်ဆွေတင့်မှာလည်း မင်းသားပြောသည့်အတိုင်း မင်းသား၏ စိန်နားပွင့်ကို သူ၏ နားတွင် ပန်ဆင်ရာ မင်းသားသည် ခင်ဆွေတင့်၏ စိန်နားပွင့်ကို ငွေကြုတ်အတွင်းသို့ ထည့်လိုက်ရင်း ခင်ဆွေတင့်အား ရွှန်းရွှန်းစားစားကြည့်ရှုကာ. . .

'အဲ. . . အခုမှ ခင်ဆွေတင့်နားနဲ့လိုက်တော့တယ်. . .
ပါးပြောင်တယ်ဆိုတာ ဒီလိုစိန်မျိုး ပြောတာ. . . ခင်ဆွေ အမြဲပန်မယ်မဟုတ်လား. . .'

'ပန်တော့ပန်ချင်တာဘဲ. . . ဒါပေမဲ့ မေမေနဲ့ တိုင်ပင်အုံးမှ၊ ငွေပိုရှိသလား မရှိဘူးလားဆို တာ၊ ရှိရင်တော့ အစ်ကိုကြီးပြောသမျှနဲ့ ယူမှာပေါ့. . .'

'အို. . . ရောင်းဘို့မဟုတ်ပါဘူး၊ ခင်ဆွေ အမြဲပန်မယ်ဆိုရင် ပေးရတာပေါ့. . . အစ်ကိုကြီး အလွန်မြတ်နိုးတဲ့ တူမတော်ဘို့ဟာ ပေးတာကိုထောက်ရင် အစ်ကိုကြီးခင်ဆွေ့အပေါ် ဘယ်လို သဘောထားတယ်ဆိုတာ သိရောပေါ့. . .'

'သိပါတယ် အစ်ကိုကြီး. . . နှမတော်မရှိ၊ အစ်မတော်လဲမရှိမို့. . . အခုတွေ့ရတဲ့ နှမတော် ကလေးကို မြတ်နိုးလွန်းလို့ ပေးသနားတယ်ဆိုတာ စဉ်းစားမိပါတယ်. . .'

ခင်ဆွေတင့်သည် အလွန်လိမ္မာပါးနပ်စွာ ပြောကြားလိုက်ရာ မင်းသားသည် အညွန့်တက် ခြင်းမရှိတော့ဘဲ ကြေနပ်ရိုးဖြောင့်စွာ ပြုံးလိုက်ပြီးလျှင်. . .

'ကဲ. . . ကဲ. . . ဒါလဲ ဒီငွေကြုတ်နဲ့ဘဲ ယူသွားနော်. . . တီးရမှုတ်ရနဲ့ အစ်ကိုကြီး အတော် ဆာသွားဘီ ဘွိုင်ကိုခေါက်ဆွဲအကြော်ခိုင်းထားတယ်'

ဟု သူ၏ လက်ပတ်နာရီကို ကြည့်လေ၏။ ၁၂ နာရီထိုးရန် ၅ မိနစ်သာလိုတော့သဖြင့်. . .

'လာ ခင်ဆွေ အောက်ထပ်သွားကြစို့. . . ထမင်းစားခန်းမှာ ခေါက်ဆွဲကြော်ထားတယ်. . .'

ဟု ပြော၍ ခေါ်ငင်ရာ ခင်ဆွေတင့်လည်း လိုက်ပါသွားလေ၏။ ဘွိုင်ကုလားကား ၁၂ နာရီ တိတိတွင် ခေါက်ဆွဲကြော်အသင့်ရှိရန် မှာထားပြီးဖြစ်ရာ နှစ်ဦးသား စားခန်းသို့ရောက်သည်နှင့် တပြိုင်နက် အထူးအထွေပြောမနေရဘဲ

နှစ်ယောက်စာ ခေါက်ဆွဲကြော်များကို ပေးဆက်လာ လေ၏။

ခင်ဆွေတင့်မှာ ဇွန်းခက်ရင်းနှင့် စားသောက်နေရာ မင်းသားမှာ ဆင်စွယ်တူနှင့်စား၍ နေ လေ၏။ ထမင်းစားခန်းမှာ စားပွဲတတန်းမျှရှိရာ တကြိမ်တည်း လူ ၁၀ ယောက်မျှလောက်စားနိုင်၏။ အခန်းထောင့်တခုတွင်ကား ဖရစ်ဂျစ်ဒိုင်ရာခေါ် အဇေခံဓါတ်သေတ္တာကြီးတလုံးရှိ၏။ အခြားနေရာ၌ ကျောက်စားပွဲ လူ ၅ ယောက်ထိုင် ၂ ခုရှိ၏။ ခင်ဆွေတင့်သည် အခန်းအခြေအနေကို အကဲခတ် ရင်း စားသောက်နေရာ ခေါက်ဆွဲတပန်းကန် ကုန်လုနီးပါးအောင် ခံတွင်းတွေ့နေလေ၏။

'ခင်ဆွေ. . . ကောင်းရဲ့လား၊ ထပ်ပီးယူအုံးမလား. . .'

'ကောင်းပါတယ်. . . ဒါပေမဲ့ ဝနေဘီ အစ်ကိုကြီး. . .'

နှစ်ဦးသား စားသောက်ကြပြီးသော် အိမ်ကြီးပေါ်သို့တက်ကြပြန်လေ၏။ မင်းသားမှာ ရှေးက ထက် စိတ်ပါလက်ပါနှင့် စန္ဒယားတီးလိုက် စောင်းကောက်တီးလိုက် သီချင်းသားအဓိပ္ပါယ်ပြော လိုက်နှင့် များစွာပျော်ရွှင်နေဟန်တူလေ၏။ ခင်ဆွေမှာလည်း အံ့သြသလို သဘောကျသလို အမူ အရာများဖြင့်လိုက်လျောနေရာ ဤနေ့အတို့၌ ဤမျှနှင့်တော်လောက်ပြီဟု ညနေ ၂ နာရီခန့်အချိန် တွင် မင်းသားအား လည်ကလေးပြန်အောင်ပြုံးချိုစွာ နှုတ်ဆက်လျက် မိမိအိမ်ဘက်သို့ ကူးခဲ့ လေ၏။

အိမ်သို့ရောက်လျှင် လူကြီးများအား အကျိုးအကြောင်းပြောပြလေ၏။ လူကြီးများလည်း ကိုငွေအောင်အတွက် မုချသဲလွန်စရတော့မည်ဟု သမီးကလေးအား ချီးမွမ်းကာ များစွာကြေနပ်၍ နေကြလေ၏။ ခင်ဆွေတင့်ကား အဝတ်အစားများလဲလှယ်ပြီးနောက် ကျောင်းကစာများကို ကြည့်ရှု နေရာ အချိန်ကုန်မှန်းမသိကုန်လျက် ညနေစာစားခြင်း၊ အညောင်းအညာဖြေလမ်းလျှောက်ခြင်းဖြင့် ည ၇ နာရီသို့ တိုင်ခဲ့လေ၏။

ထိုအချိန်ကား အခြားသူ ဂရုမစိုက်သော်လည်း ကိုဌေးအောင်မှာ ဂရုအစိုက်ဆုံးသူတဦးဖြစ်နေရာ ၇ နာရီတိတိတွင် သူ၏ ကားသည် ဆင်ဝင်အောက်တွင် ရပ်နေပြီးဖြစ် လေ၏။

'ဘဲ့နှယ်လဲခင်. . . ဟန်ကျခဲ့ရဲ့လား၊ တနေ့လုံးအောင့်နေလိုက်ရတာ . . .'

'ကားပေါ်ကမှ မဆင်းသေးဘူး၊ မေးနေရသလား၊ အိမ်ထဲလာမှ မေးပါတော့'

ဟု ဆီးကြိုခေါ်ယူခဲ့ပြီးလျှင် ဧည့်ခန်းတွင် မျက်နှာချင်းဆိုင် ထိုင်မိကြလေ၏။ ခင်ဆွေတင့် မှာ မင်းသားအိမ်ကို နေ့ခင်းကသွားပုံ အကြောင်းစုံကို ပြန်လှန်ပြောဆို၍ နေရာ ကိုဌေးအောင်မှာ ရယ်မောလိုက် မျက်နှာပျက်သွားလိုက် ခြေထောက်ကွေ့မိလိုက် လက်သီးဆုပ်မိလိုက်နှင့် နားထောင် ၍ နေလေ၏။ ခင်ဆွေတင့်သည် ထိုသို့ပြောဆိုရာ၌ စိန်နားပွင့်အကြောင်းချန်ထားခဲ့ရာ ခင်ဆွေတင့်၏ မျက်နှာကို ဝါးမျိုမတတ်ကြည့်ရမှ ကြေနပ်သော ကိုဌေးအောင်သည် ခင်ဆွေတင့်၏ နား နှစ်ဘက်ကို သေချာစွာကြည့်၍ နေလေ၏။

'ခင်. . . နားပွင့် ဘယ်တော့က အသစ်လဲလိုက်သလဲ. . .'

'ကနေ့ဘဲ. . . ဟိုအစ်ကိုကြီးက ပေးလိုက်တာလေ. . . သူက ခင့်ရဲ့နားက နားပွင့်ကလေး ကို ကိုင်ကြည့်ပြီး ဒါက အရောင်ကောင်းတယ်ဆိုပြီး လဲပေးလိုက်တာ. . .'

ကိုဌေးအောင်သည် သူ၏ ရင်ဝကို ယောင်ယမ်းကာလက်နှင့်ဘိမိလေ၏။ သို့ရာတွင် နံနက် စောစောကပင် သက်မကင်းမဖြစ်တော့ပါဘူးဟု ဝန်ခံမိသောကြောင့် ရင်ဝကိုစမ်းသပ်သောလက် မှာ အယားဖျောက်သလို ပြုမူလိုက်လေ၏။ အသက်ရှူပြင်းသွားမည်စိုးသဖြင့် အသက်ကို ခပ်ချုပ် ချုပ်ရှူ၍ နေရာ တချီတချီဟင်းကနဲဖြစ်၍ သွားလေ၏။ မင်းသားအား မင်းသားရှေ့တွင် အစ်ကိုကြီး ခေါ်၍ ကား အရေးမကြီး၊ မိမိရှေ့မင်းသား ကွယ်ရာမှာ ခေါ်လိုက်သည်ကို

ကိုငွေးအောင် မခံရပ်နိုင် ချေ။ မင်းသားက ခင်ဆွေတင့်၏ နားကို ပိုင်စိုးပိုင်နင်းကိုင်ကြည့်၏ ။ ထိုသို့ကိုင်ကြည့်သည်ကို ခင် ဆွေတင့်က ကြေကြေနပ်နပ်ခံခဲ့၏ ။ ကြာလျှင်. . . ကြာလျှင်. . . ဟူသော တွေးတောချက်သည် ကိုငွေးအောင်၏ ရင်ဝကို အပ်သွားနှင့်ဆွသကဲ့သို့ ဖြစ်နေလေ၏ ။

‘သူ့မယ်တော်ကော တော်တော်ဖေါ်ဖေါ်ရွှေရွှေရှိရဲ့လား. . .’

‘ဟင့်အင်း. . . ခင်ပြန်လာတဲ့အချိန်အထိ လနန်ကတ်စတာလမ်းကြွသွားတာ ပြန်မလာ သေးဘူး၊ အိမ်ကြီးပေါ်မှာ နှစ်ယောက်ထဲ ပျော်ကြတာပေါ့. . .’

ကိုငွေးအောင်သည် ခေါင်းမူးသလိုလိုဖြစ်၍ လာလေ၏ ။ ခင်ဆွေတင့်မျက်နှာကို ကြောင် တက်တက်နှင့် ကြည့်နေမိလေ၏ ။ အင်း. . . အိမ်ကြီးပေါ်မှာ နှစ်ယောက်ထဲ ခုနေခါ ကိစ္စမရှိနဲ့အုံး နောက်တခါနှစ်ယောက်ထဲဆိုရင်တော့ အို. . . ဒီလို မတွေးတာဘဲ ကောင်းပါတယ်ဟု စိတ်ကိုထိန်း လိုက်လေ၏ ။